


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၇၇ / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၅၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
## ( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ )

# မာတိကာ


၁။ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲ အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့် အမှာစကား ၇

၂။ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အထောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၁၁

၃။ မြန်မာ့မီးရထား မလွှကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၏လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၁၄

၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၁၆

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား ၂၆

၆။ အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန် ရှင်းလင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးပြောကြားသည့် အမှာစကား ၂၈

၇။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းတွင် ဥစားဘဲများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၃၀

၈။ ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၂

၉။ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၆

၁၀။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား ၃၉

၁၁။ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၄၅

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲ အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့် အမှာစကား

( ၆ – ၁၀ – ၂၀၂၃ )



မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှု အထောက်အကူပေးရေး လုပ်ငန်းများဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန်စသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ ဖွဲ့စည်းခြင်း ၂ နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာလ ၆ ရက်နေ့တွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

**ကမ်းခြေစောင့် တပ်ဖွဲ့ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် တပ်ဖွဲ့၏ရည်မှန်းချက် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မှု**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း ၂ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ့ဆုံပွဲ၌ အရာရှိ၊ စစ်သည်များအား

အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ်းခြေစောင့် တပ်ဖွဲ့၏ (၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ပင်ဖြစ်ပြီး မိမိကိုယ်တိုင်ဖွဲ့စည်းဖွင့်လှစ်ပေးခဲ့သည့် ပထမဦးဆုံးသော နိုင်ငံ၏ကမ်းခြေစောင့် တပ်ဖွဲ့ဖြစ်ကြောင်း၊ နှစ်နှစ်တာကာလအတွင်း တပ်ဖွဲ့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံပိုင်းဆိုင်ရာများတွင် တတ်နိုင်သမျှပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍လည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျယ်ဝန်းသည့် ပိုင်နက်ပင်လယ်ပြင်နှင့် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ်းရိုးတန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ကမ်းရိုးတန်းတစ်လျှောက်တွင်လည်း ကျွန်းပေါင်းများစွာရှိကာ သဘာဝကပေးအပ်သည့် အရင်းအမြစ်များ၊ စီးပွားရေးအခွင့်အလမ်းများ များစွာရှိကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကို အလုံးစုံကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်(ရေ)အပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး တာဝန်များကို အဓိကထမ်းဆောင်နိုင်မည့် ကမ်းခြေစောင့် တပ်ဖွဲ့တစ်ခု ရှိသင့်သည်ဟုယူဆ၍ ယခင်ကတည်းကပင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံများကို အချိန်ယူလေ့လာ ဆောင်ရွက်ခဲ့ရ**ကြောင်း။

**ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝသည် ကမ်းရိုးတမ်းတစ်လျှောက်နှင့် ပိုင်နက်ပင်လယ်ပြင် အတွင်း နယ်နိမိတ်၏ တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်**ကြောင်း၊ ယခုတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်အရာရှိ စစ်သည်များသည် မိမိတို့နိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ သမိုင်းသစ်တစ်ခုကို စတင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)မှ ရှိရင်းစွဲ လူသားအရင်းအမြစ်များ၊ ရေယာဉ်များဖြင့် စနစ်တကျ စုဖွဲ့တည်ဆောက်ထားခြင်းဖြစ်သဖြင့် စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း။

ယခင်က မိမိတို့နိုင်ငံတွင် ကမ်းခြေစောင့်တပ်ဖွဲ့မရှိသည့်အတွက် ပိုင်နက်ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ရေကြောင်းသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်များကို တပ်မတော်(ရေ)က ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းပေးပြီးဖြစ်သည့်အတွက် ပင်လယ်ပြင်တရားဥပဒေ စိုးမိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍများကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်ဖြစ်ကြောင်း။

**လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေးတို့ကို အချိတ်အဆက်မိမိ ဆောင်ရွက်**

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် အခြားအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများရှိ ကမ်းခြေစောင့်တပ်ဖွဲ့များဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပေးအပ်

မိမိတို့နိုင်ငံသည် ကျယ်ဝန်းသည့် ပိုင်နက်ပင်လယ်ပြင်နှင့် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ်းရိုးတန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ကမ်းရိုးတန်းတစ်လျှောက် တွင်လည်း ကျွန်းပေါင်းများစွာရှိကာ သဘာဝကပေးအပ်သည့် အရင်းအမြစ်များ၊ စီးပွားရေးအခွင့်အလမ်းများ များစွာရှိ၊ ထို့ကြောင့် နိုင်ငံတော်၏ ပိုင်နက် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကို အလုံးစုံ ကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်(ရေ)အပြင် ပင်လယ်ပြင်တရား ဥပဒေစိုးမိုးရေးတာဝန်များကို အဓိကထမ်းဆောင်နိုင်မည့် ကမ်းခြေစောင့် တပ်ဖွဲ့တစ်ခုရှိသင့်သည်ဟုယူဆ၍ ယခင်ကတည်းကပင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံ များကို အချိန်ယူလေ့လာ ဆောင်ရွက်ခဲ့ရ။

ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ပေးအပ်ထားသည့် တာဝန်များကိုကျေပွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများကို မပြတ်ဆောင်ရွက်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးဆောင်ရွက်ခြင်းသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုများနှင့် ရေယာဉ်များ၏ စွမ်းပကားများကို ပိုမိုအသုံးချနိုင်ရန်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကိုဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ ၏ အရည်အသွေးပြည့်ဝရန် လိုသကဲ့သို့ ရေယာဉ်နှင့် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံရန်လည်း လိုအပ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ **ရည်မှန်းချက်တာဝန်များကို ထမ်းဆောင် ရာ၌ ပြည်တွင်း၊ ပြည်ပမှ ချမှတ်ထားသည့် ရေကြောင်း ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုသိရှိ နားလည်ထားမှသာလျှင် လုပ်ငန်းတာဝန်များ ထမ်းဆောင် ရာ၌ ပိုမိုလွယ်ကူမည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း တွင်တွင်ကျယ်ကျယ် ဆက်ဆံဆောင်ရွက်နိုင်မည် ဖြစ်**ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့အဆင့်အလိုက် သိသင့်သိထိုက်သည့် ရေကြောင်း ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိ နားလည်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊

အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍ အထက် အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ပြီး စည်းကမ်းစနစ်တကျဆောင်ရွက်ခြင်းဖြင့် မိမိတို့တပ်ဖွဲ့၏ အုပ်ချုပ်မှုကောင်းခြင်းကို ပြသနိုင်ရန်လိုကြောင်း၊ တပ်ဖွဲ့ ဝင်တစ်ဦးချင်းစီ၏ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့် များကို မှန်မှန်ကန်ကန်ဖြည့်ဆည်းဆောင်ရွက်ပေးရန်လို ပြီး လူမှုရေး၊ ကျန်းမာရေးဆိုင်ရာအခက်အခဲများလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း။

သက်သာချောင်ချိရေးပိုင်းနှင့် ပတ်သက်၍ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် တစ်ဦးချင်းစီ၏ သက်သာချောင်ချိမှုကို တည်ဆောက်သွားရန် လိုအပ် သကဲ့သို့ တပ်ဖွဲ့မှလည်း တစ်ဦးချင်း သက်သာချောင်ချိမှု ရှိစေရေး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ မိမိကိုယ်ကို အလိုလိုက်ခြင်းဖြင့် မိမိနှင့်မိမိ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ပြီး မိမိလက်အောက်ကို အလိုလိုက်ခြင်းဖြင့် တပ်ဖွဲ့၏ စည်းကမ်းစနစ်တကျဖြစ် မှုကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီညွတ် မျှတစွာ ကွပ်ကဲဦးဆောင်၍ တပ်ဖွဲ့ဝင်တစ်ဦး တစ်ယောက် ချင်းစီ၏ နေထိုင်သွားလာစားသောက်မှု၊ ဝတ်စားဆင်ယင် မှု၊ စည်းကမ်းစနစ်တကျရှိခြင်းမှသည် တပ်ဖွဲ့ကောင်း တစ်ရပ်ကို ပုံဖော်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကာကွယ်မည်၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်မည်ဟူသည့် နဂို အရင်းခံစိတ်ဓာတ်ကောင်းဖြင့် ဝင်ရောက်အမှုထမ်းခဲ့

လေ့ကျင့်ရေးဆောင်ရွက်ခြင်းသည်
ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ပိုမို
ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး
တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုများနှင့်
ရေယာဉ်များ၏ စွမ်းပကားများကို
ပိုမိုအသုံးချနိုင်ရန်ဖြစ်၊
ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို
ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏
အရည်အသွေးပြည့်ဝရန် လိုသကဲ့သို့
ရေယာဉ်နှင့် အသုံးအဆောင်ပစ္စည်းများ
ပြည့်စုံရန်လည်း လိုအပ်မည်ဖြစ်၊
ထို့ကြောင့် နိုင်ငံတော်အနေဖြင့်
လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်
ပေးသွားမည်ဖြစ်၊ ရည်မှန်းချက်တာဝန်များကို
ထမ်းဆောင်ရာ၌ ပြည်တွင်း၊ ပြည်ပမှ
ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ
ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို
သိရှိနားလည်ထားမှသာလျှင် လုပ်ငန်း
တာဝန်များ ထမ်းဆောင်ရာ၌ ပိုမိုလွယ်ကူမည်
ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း တွင်တွင်
ကျယ်ကျယ် ဆက်ဆံဆောင်ရွက်နိုင်မည်ဖြစ်။

သူများဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရှိရင်းစွဲ စိတ်ဓာတ်ကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိတို့ကို ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လျှင် စည်းကမ်းကောင်းမွန်မည်ဖြစ်ပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်စေရေးအတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး စသည့် အချက်လေးချက်ကို တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုအချိန်တွင် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိပြီဖြစ်ပြီး နှစ်နှစ်တာကာလအတွင်း ပိုင်နက်ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုများကိုအသိအမှတ်ပြုပါကြောင်းနှင့် ယခုထက်ပိုမိုသည့်စွမ်းဆောင်ရည်ကို ပြသသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း**၊ ကမ်းခြေစောင့်တပ်ဖွဲ့ကို စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ကြရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အထောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၆ - ၁၀ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းကြားနေရာရှိမြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများက သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ၊ ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား၊ အသားတိုးဝက်စသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး မျိုးကောင်းမျိုးသန့်များ ရွေးခြယ်မွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းများ ဆောင်ရွက်လျက်ရှိပြီး အစာပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထွက်ရှိ

လာသည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိုးဘွားမျိုးရင်း ကြက်၊ ဝက် GP Farm များတည်ထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ သွားရောက်၍ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို လေ့လာခဲ့မှုနှင့် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးနည်းစနစ်များ၊ နည်းပညာများနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို သုံးသပ်တွေ့ရှိခဲ့ရမှု အခြေအနေများ၊ ပြည်ပနိုင်ငံများနှင့် မိမိတို့နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှု နှိုင်းယှဉ်တင်ပြချက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြေယာအသုံးချမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်းဒေသကြီးအတွင်း စားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးထားမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

**တိုးမြှင့်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ သွင်းအားစုများနှင့် လုပ်အားခများ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့်ဖြစ်ပြီး စားသုံးမှု လိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် အသား၊ ငါးနှင့် ရာသီသီးနှံ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး

> **ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံ စားကုန်များ ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ သွင်းအားစုများနှင့် လုပ်အားခများ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့်ဖြစ်ပြီး စားသုံးမှု လိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ထုတ်လုပ်မှုကုန်ကျ စရိတ်များ လျှော့ချနိုင်မည် ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်။**

ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ၏ တစ်နေ့တာ ပျမ်းမျှ အသား၊ ငါး စားသုံးမှု လိုအပ်ချက်ပမာဏကို တွက်ချက်၍ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်အောင် မွေးမြူထုတ်လုပ် သွားရမည်ဖြစ်ကြောင်း၊ **ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက် ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှု မရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ အလားတူ အခြားမွေးမြူရေး လုပ်ငန်းများတွင်လည်း စဉ်ဆက်မပြတ် မွေးမြူမှုဖြစ်စေရေး တွက်ချက်ဆောင်ရွက်ကြရန် လိုကြောင်း၊ အသားစားနွားများကို အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လိုပြီး မွေးမြူရေးနွား၊ စပ်မျိုးနွားနှင့် ဒေသနွားများကို သုတေသနပြု ဆောင်ရွက်ကာ အထွက်နှုန်းကောင်းမွန်သည့် နွားမျိုးများရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ နွားစာမြက်များ စိုက်ပျိုးရာတွင် စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်ရေး စနစ်ကျနသည့် ရိတ်သိမ်းမှုစနစ်ရှိရန်နှင့် နွားချေးများကိုလည်း မြေသြဇာအဖြစ် ပြန်လည်သုံးစွဲသွားရန်လိုကြောင်း။

**စနစ်တကျပြုပြင်**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာ နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းသာမက စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို ဖော်ဆောင်သွားရန်လိုကြောင်း၊ လိုအပ်သည့်သွင်းအားစုများ လုံလောက်စွာ ရရှိနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် **မျိုး၊ မြေ၊ ရေ၊ နည်း** ဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ရန်၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်ရန် အဓိက လိုအပ်မည်ဖြစ်ကြောင်း၊ **နိုင်ငံအတွင်း ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးသီးနှံများကို နည်းစနစ်ကျနစွာဖြင့် ထုတ်လုပ်နိုင်မည့် မြေအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ခေတ်စနစ်နှင့် လျော်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လို**ကြောင်း၊ သွင်းအားစုနှင့် ပတ်သက်၍ မြေသြဇာ၊ ရေရရှိရေး၊ လုပ်အားခ ဟူ၍ရှိပြီး လုပ်သားရှားပါးမှုပြဿနာကို ယန္တရားများဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ မြေသြဇာလိုအပ်ချက်ကြောင့် အထွက်နှုန်းလျော့ကျမှုမရှိစေရေးအတွက် ပြည်ပမှတင်သွင်းရန် လိုအပ်သည့် မြေသြဇာများကို တင်သွင်းခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများကို တိုးတက်အောင် ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ တိုးတက်လာပါက တောင်သူများ ဝင်ငွေကောင်းလာနိုင်မည်ဖြစ်ကြောင်း။

**ထုတ်လုပ်ဖြန့်ဖြူး**

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးသည် ပထမဦးစားပေးပင်ဖြစ်**ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ရန်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း အစိုးရက ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တင်ပြချက်များကို အချိန်ပေး၍ နားထောင်ခဲ့ခြင်းဖြစ်ပြီး မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းအလိုက် အောင်မြင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက် သွားရန်လိုကြောင်း၊ **ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာမှုမှ ရရှိလာသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတွေ့အကြုံများနှင့် နည်းစနစ်များကို အသုံးချ၍လည်း မိမိတို့နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာ့မီးရထား မလွှကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၇ - ၁၀ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ မလွှကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (မလွှကုန်း) စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က မလွှကုန်းယာဒ်ဝင်း၏ နောက်ခံသမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များ၊ ယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ အလုပ်ရုံများနှင့် လက်ရှိပြေးဆွဲလျက်ရှိသည့် ကုန်ရထားများမှ ကုန်တင်ပို့မှု၊ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (မလွှကုန်း)၊ မလွှကုန်းတွဲပြင်အလုပ်ရုံ၊ တံတားပေါင်အလုပ်ရုံ (မလွှကုန်း)၊ ယန္တရားအလုပ်ရုံ (မလွှကုန်း) တို့၏ နောက်ခံသမိုင်းအကျဉ်းများ၊ စက်ရုံ အလုပ်ရုံတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးအတွက် ရထားပို့ဆောင်ရေးစနစ်ကို စနစ်တကျဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်၏ ကုန်စည်စီးဆင်းရေးကဏ္ဍတွင် ကုန်ရထား

များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ **သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်လမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဟူ၍ရှိပြီး ရထားဖြင့်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံးပို့ဆောင်ရေးစနစ်ဖြစ်**ကြောင်း၊ ထို့ကြောင့် ရထားဖြင့်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုကဏ္ဍမြင့်မားစေရေးအတွက် ကုန်တွဲများကြံ့ခိုင်ရေးကို ဆောင်ရွက်ရန်လိုသကဲ့သို့ စက်ခေါင်းများလည်း ကောင်းမွန်နေရမည်ဖြစ်ကြောင်း၊ **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝသက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကိုမြှင့်တင်ရန်လို**ကြောင်း။

မိမိတို့နိုင်ငံတွင် ရထားများကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၈၈ ကျော်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါ အတွေ့အကြုံများကို အကျိုးရှိရှိအသုံးချ၍ ရထားစက်ခေါင်းများ၊ တွဲများ၊ သံလမ်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရမည်၊ ခေတ်မီသည့်ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားအသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရထားသယ်ယူပို့ဆောင်ရေးကို လျှပ်စစ်အသုံးပြု၍ ပြောင်းလဲပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းများ ကောင်းမွန်မှသာလျှင် ရထားစက်ခေါင်းများ၊ ရထားတွဲများကြံ့ခိုင်ကောင်းမွန်မည်ဖြစ်သည့်အတွက် မီးရထားလမ်းများစနစ်တကျရှိပြီး ကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ကျောက်ထည့်သွင်းခြင်း၊ ဇလီဖားတုံးများ ထည့်သွင်းခြင်းတို့ကို စံချိန်စံနှုန်းပြည့်မီရန်နှင့် နည်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရထားခရီးစဉ်ပြေးဆွဲမှု အချိန်ဇယားများကိုလည်း တိကျမှန်ကန်သည့်စနစ်ဖြစ်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒီဇယ်စက် ခေါင်းပြင်စက်ရုံ (မလွှကုန်း)အတွင်း စက်ခေါင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စက်ခေါင်းများအား ပြုပြင်ရမည့်အဆင့်အလိုက်၊ ထိန်းသိမ်းရမည့်အဆင့်အလိုက် မပျက်မကွက်ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရထားစီးခရီးသည်များအတွက် ဆွဲဆောင်မှုရှိရန်လည်းလိုကြောင်း၊ ရထားလမ်းများ ယခုထက်ပို၍ကြံ့ခိုင်မှုရှိစေရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ သက်တမ်းကြာမြင့်ပြီဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အသုံးပြုသည့်ကိရိယာပစ္စည်းများ စနစ်တကျရှိစေရေး တန်ဖိုးထား၍ ထိန်းသိမ်းလုပ်ဆောင်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ခရီးတိုနှင့် ရန်ကုန်မြို့ပတ်လမ်း၌ ပြေးဆွဲနိုင်ရေး RBE ရထားတွဲများအားစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မလွှကုန်းတွဲပြင်အလုပ်ရုံသို့ရောက်ရှိကြပြီး ဂျပန်နိုင်ငံ West Corporation မှ မြန်မာ့မီးရထားသို့ လှူဒါန်းထားသည့် RBE အစင်း ၃၈ ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် RBE ရထားများအတွင်းပိုင်းအပြင်အဆင်များနှင့် စက်ပိုင်းဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခုရထားများသည် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် ခရီးတိုပြေးဆွဲနိုင်ရေး ရည်ရွယ်ထားသည့်အတွက် ကြံ့ခိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားရန်နှင့် ရထားစီးခရီးသည်များ အဆင့်မီစွာ စီးနင်းအသုံးပြုနိုင်ရေး လိုအပ်သည်များကို မပြတ်စောင့်ကြည့် ဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားသည်။

■ ■ ■

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း(၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၁၅ - ၁၀ - ၂၀၂၃ )






**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–**

လွန်ခဲ့တဲ့ (၈) နှစ်က အခုလိုအချိန်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) မှာ ပါဝင်ကြသူများ၊ NCA စာချုပ်ကြီး လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းနဲ့နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်ထောင်စုကြီးအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) စာချုပ်ချုပ်ဆိုခဲ့တဲ့ (၈) နှစ်မြောက်နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီပထမအစိုးရလက်ထက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုဟာ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်းနဲ့ ဆက်လက်ဆွေးနွေးမှုများကရရှိလာတဲ့ ရလဒ်တွေကို အခြေခံပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ NCA စာချုပ် ဆွေးနွေးညှိနှိုင်းရေးဆွဲရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ လိုလားချက်တွေကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်တိုင် တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းတွေပြုလုပ်ပြီး နိုင်ငံတော်အဆင့် သဘောတူညီချက်စာချုပ်အဖြစ် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့ ငြိမ်းချမ်းရေးရရှိနိုင်ဖို့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာမရှိဖူးတဲ့ လိုက်လျောမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ ငြိမ်းချမ်းရေးကိုလိုလားမှုတို့

အတွက် သမိုင်းမှတ်တိုင်လည်း ဖြစ်ပါတယ်။

NCA စာချုပ်ဟာ လွယ်လင့်တကူဖြစ်ပေါ်လာတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်တဲ့နေ့ကစပြီး NCA စာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁,၄၅၀ မျှ ကြာမြင့်ခဲ့ပါတယ်။ အဲဒီကာလအတွင်း အစည်းအဝေးတွေ၊ တွေ့ဆုံညှိနှိုင်းမှုတွေ စုစုပေါင်းအကြိမ် ၅,၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ရပါတယ်။ ဒီလိုကြိုးစားပြီး ဆောင်ရွက်ခဲ့တာကြောင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်မှာ ခမ်းနားထည်ဝါစွာ NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားတဲ့ သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မျှ ပျက်ပြယ်မှုမရှိဘဲ တည်တံ့နေမည့် စာချုပ်ဖြစ်တာကြောင့် တပ်မတော်အနေနဲ့ NCA စာချုပ်အပေါ်မှာသာ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပေါ်လာခဲ့တာ နှစ်ပေါင်း ၇၅ နှစ်ကျော်လွန်ခဲ့ပြီ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခ ဘာ့ကြောင့်ဖြစ်ပွားနေရတာလဲဆိုတာ ပြန်လည်ဆန်းစစ်ကြည့်ဖို့လည်းလိုပါတယ်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလမှာ အားနည်းချက်တွေကိုသိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အမိမြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့ဟာ ၁၈၂၄ ခုနှစ်ကစလို့ မတရားကျူးကျော်စစ် သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကိုသွတ်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံကို အရှည်သဖြင့် ကျွန်ပြုနိုင်ဖို့အတွက် ၁၈၈၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ အထက်မြန်မာပြည် ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၈၈၈ ခုနှစ်မှာ ရှမ်းပြည်နယ်အက်ဥပဒေ၊ ၁၈၈၉ ခုနှစ်၊ စက်တင်ဘာလမှာ မြန်မာပြည်ကျေးရွာဥပဒေ၊ ၁၈၉၅ ခုနှစ်မှာ ကချင်တောင်တန်း လူမျိုးစုများစည်းမျဉ်းဥပဒေ၊ ၁၈၉၆ ခုနှစ်မှာ ချင်းတောင်တန်းစည်းမျဉ်းဥပဒေ၊ ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ရှမ်းပြည်နယ်ကိုအုပ်ချုပ်ဖို့ ပဒေသရာဇ်ကောင်စီကိုဖွဲ့စည်းပြီး ရှမ်းပြည်တောင်ပိုင်းနဲ့ မြောက်ပိုင်းခွဲခြားခြင်းစသည်ဖြင့် တောင်ပေါ်မြေပြန့်တစ်ခုချင်းစီကို ဥပဒေတွေပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခဲ့ကြပါတယ်။ ဒ့ါအပြင် မြန်မာပြည်မကို အုပ်ချုပ်ရာမှာလည်း ကွဲပြားခြားနားမှုများပြားအောင် လုပ်ဆောင်ခဲ့တာတွေ့ပါတယ်။ ၁၉၃၇ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့တဲ့ **“၉၁ ဌာန အုပ်ချုပ်ရေးစနစ်”**မှာ ၎င်းတို့အုပ်ချုပ်ရေးကို အထောက်အကူပြုဖို့ အောက်လွှတ်တော်မှာ အမတ် ၁၃၂ ဦး ရွေးချယ်ရပါတယ်။ ဒီလိုရွေးချယ်

> မြန်မာပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေတာ၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေတာပဲဖြစ်ပါတယ်။ ဒါတွေကို အားလုံးကသတိပြုမိစေလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ ပြည်သူ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ဆက်လက်လျှောက်လှမ်းသွားမှာပဲ ဖြစ်ပါတယ်။ ဒီလိုလျှောက်လှမ်းနိုင်ဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေး လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ အခင်းအကျင်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်တဲ့ လွတ်လပ်တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးသွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

ရာမှာ မြန်မာပြည်မြို့ကြီးများမှ ၁၃ ဦး၊ တောမြို့-တောနယ်မှ ၇၈ ဦး၊ ကရင်တောနယ်မှ ၁၂ ဦး၊ အိန္ဒိယ ၁ ဦး၊ အင်္ဂလိပ်ကပြား ၂ ဦး၊ အိန္ဒိယကုန်သည်အသင်း ၂ ဦး၊ တရုတ်ကုန်သည်အသင်း ၁ ဦး၊ မြန်မာကုန်သည်ကြီးများအသင်း ၅ ဦးစသဖြင့် ထည့်သွင်းထားတာကိုတွေ့ရပါတယ်။ တိုင်းရင်းသားလူမျိုးများစွာ ပျံ့နှံ့စုပေါင်းနေထိုင်နေတဲ့ မြန်မာနိုင်ငံမှာ ဒီလိုရွေးချယ်မှုဟာ ဘာကိုဦးတည်စေသလဲဆိုတာ သတိပြုမိနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုနှစ်ပေါင်းရာချီပြီးသွေးခွဲခဲ့တာကြောင့် တိုင်းရင်းသားအချင်းချင်း သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရုံသာမက ယုံကြည်မှုတွေလျော့နည်းခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီးစမှာ နိုင်ငံရေးပါတီတွေရဲ့ အာဏာလွန်ဆွဲမှုတွေဟာ ပြင်းထန်လာခဲ့တာကို တွေ့ရှိရပါတယ်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာကစလို့ ပြည်တွင်းစစ်မီး စတင်တောက်လောင်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ မိမိထက်အဆမတန်အင်အားများတဲ့ရောင်စုံသောင်းကျန်းသူတွေကို တိုက်ခိုက်ခဲ့ရပါတယ်။ ဧရာဝတီတိုင်းနဲ့ ပဲခူးရိုးမပေါ်မှာရှိတဲ့ ကွန်မြူနစ်သောင်းကျန်းသူတွေကို တပ်မတော်နဲ့ပြည်သူလက်တွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့တာကြောင့် သောင်းကျန်းသူတွေဟာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်ဘက်တွေကို ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါတယ်။ ကွန်မြူနစ်တွေဟာ အဲဒီဒေသမှာရှိတဲ့ ရိုးသားတဲ့တိုင်းရင်းသားတွေကို အခမ္ဘလူသစ်စုဆောင်းကြရုံသာမက **"အစိုးရဆန့်ကျင်ရေး"** နဲ့ **"လူမျိုးစုလွတ်မြောက်ရေး"** စတဲ့ နိုင်ငံရေးမှိုင်းတွေနဲ့ သွေးထိုးခဲ့ကြပါတယ်။ ရိုးသားတဲ့တိုင်းရင်းသားတွေအပေါ် နယ်ချဲ့တို့ရဲ့နှစ်ပေါင်းများစွာသွေးခွဲခဲ့မှုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ **"လူမျိုးစုလွတ်မြောက်ရေး"** ဆိုတဲ့ သွေးထိုးမှုတွေကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ တစ်စတစ်စပေါ်ပေါက်လာခဲ့ရတာဖြစ်ပါတယ်။ တပ်မတော်ကိုမုန်းတီးလို့ပေါ်ပေါက်လာတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဆိုတာ ယနေ့အထိမရှိခဲ့ပါဘူး။ နိုင်ငံရေးအယူအဆကွဲလွဲမှုတွေကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေရခြင်းသာ ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေကို သုံးသပ်ကြည့်ရင်လည်း လွတ်လပ်ရေးရပြီး ခါစ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့တဲ့ အခြေအနေမျိုးဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီမိုကရေစီရေးကို ဆောင်ရွက်နေပါတယ်ဆိုသူတွေကိုယ်တိုင်က မဲမသမာမှုတွေဆောင်ရွက်ခဲ့ပြီး ဥပဒေနဲ့အညီ ဒီမိုကရေစီနည်းလမ်းကျဖြေရှင်းခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာကွယ်နေပါတယ်ဆိုတဲ့ ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒီလက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အားပေးတာတွေ၊ မြှောက်ထိုးပင့်ကော်ပြုလုပ်နေတာကို တွေ့ရပါတယ်။ ဒါတွေဟာ မြန်မာပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေတာ၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေတာပဲဖြစ်ပါတယ်။ ဒါတွေကို အားလုံးက သတိပြုမိစေလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ ပြည်သူ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ဆက်လက်လျှောက်လှမ်းသွားမှာပဲဖြစ်ပါတယ်၊ ဒီလိုလျှောက်လှမ်းနိုင်ဖို့လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်ရေး လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ အခင်းအကျင်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်တဲ့ လွတ်လပ်တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ပြုလုပ်ပေးသွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

လွတ်လပ်ရေးရရှိပြီးချိန်ကစလို့ နိုင်ငံတော်ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းကိုလည်း ပြန်လည်သုံးသပ်ကြည့်ဖို့လည်းလိုပါတယ်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ် အထိ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ဆိုရှယ်လစ်စနစ်အုတ်မြစ်ချသည့်ကာလ၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆိုရှယ်လစ်စနစ်၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ မတ်လ

၃၁ ရက်နေ့အထိ ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းနိုင်ရေး အခြေခံအုတ်မြစ်ချသည့်ကာလတို့ကို ဖြတ်သန်းခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ယနေ့အထိကာလဟာ ဒီမိုကရေစီစနစ် လျှောက်လှမ်းနေဆဲကာလပဲ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ရာမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ရုံသာမက လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးတိုင်လဲလှယ်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေလည်း ရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံးနီးပါး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တဲ့အထိရှိခဲ့လို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးရဲ့အရသာကို လက်တွေ့ခံစားခဲ့ကြရပါတယ်။ အဲဒီခေတ်က တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား နိုင်ငံရေးအရောင်အသွေးမပါဘဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး **“နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရမည်”** ဆိုတဲ့ တူညီတဲ့သဘောထား တစ်ထပ်တည်းရှိနေလို့ပဲ ဖြစ်ပါတယ်။ အဲဒီကာလ ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ NCA စာချုပ်ကဲ့သို့ ခိုင်မာမှု၊ တရားဝင်မှုရှိတဲ့စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိဘဲ သဘောတူညီချက်များ၊ ကတိကဝတ်များနဲ့သာ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ယခုထိ ဒီသဘောတူညီချက်၊ ကတိကဝတ်တွေကို လိုက်နာစောင့်ထိန်းနေတဲ့ အဖွဲ့အစည်းများရှိပါတယ်။ ဒီအဖွဲ့များကိုလည်း ခိုင်မာလေးနက်တရားဝင်မှုရှိတဲ့ NCA လမ်းကြောင်းအပေါ် လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံတစ်နိုင်ငံရဲ့စနစ်တစ်ခုကို ပြောင်းလဲလျှောက်လှမ်းရာမှာ အစိုးရကပြောင်းလဲလို့မရပါဘူး။ ပြည်သူ့ဆန္ဒပါမှ ပြောင်းလဲလို့ရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ နောက်ပိုင်းမှာ ဆိုရှယ်လစ်စနစ်ကို လျှောက်လှမ်းနိုင်ဖို့အတွက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူမှု ပြုလုပ်ခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းရဲ့ထောက်ခံမှုနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို လျှောက်လှမ်းခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ တစ်ပါတီစနစ်မှ ပြည်သူလူထုတောင်းဆိုလာတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းဖို့အတွက် လိုအပ်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ စုပေါင်းညှိနှိုင်းရေးဆွဲပြီး ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းထောက်ခံမှုရရှိခဲ့တာကြောင့် ယနေ့ပြဋ္ဌာန်းကျင့်သုံးနေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

ဒီနေရာမှာ NCA စာချုပ်ရဲ့ ဖြစ်ပေါ်လာပုံနဲ့ သဘော

**တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေး ဖိတ်ခေါ်ခဲ့ရာမှာလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ရုံသာမက လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးတိုင် လဲလှယ်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေလည်း ရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံးနီးပါး ငြိမ်းချမ်းရေး တည်ဆောက် နိုင်ခဲ့တဲ့အထိရှိခဲ့လို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးရဲ့အရသာကို လက်တွေ့ခံစားခဲ့ ကြရပါတယ်။ အဲဒီခေတ်က တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား နိုင်ငံရေးအရောင် အသွေးမပါဘဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး “နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရမည်” ဆိုတဲ့ တူညီတဲ့သဘောထား တစ်ထပ်တည်းရှိနေလို့ပဲဖြစ်ပါတယ်။**

တရား၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်လာပုံနဲ့ သဘောတရားတွေကို ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။ NCA စာချုပ်ဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ကတိကဝတ်ပြု သဘောတူညီချက်၊ သဘောတူစာချုပ်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ နိုင်ငံတော်နဲ့ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကြား အာမခံချက်ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။ အဖွဲ့အစည်းနှစ်ခုအကြား သဘောတူညီချက်ကတိကဝတ်ဟာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထု အားလုံးအပေါ်မှာ ထားမယ့်သဘောတူညီချက်၊ အာမခံချက်ပြုထားတဲ့ ဥပဒေအပေါ်မှာ လွှမ်းမိုးဖို့မသင့်ပါဘူး။ ဆိုလိုတာက NCA ကို အလေးအနက်ထားရမှာဖြစ်ပေမယ့် NCA စာချုပ်ကနေတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာမှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ထင်မြင်ချက်၊ ယူဆချက်၊ လိုလားချက်တွေကို တူညီဆန္ဒများအဖြစ် စုစည်းဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဒီအထဲက အခြေခံဥပဒေကို ပြင်ဆင်ရမယ့်အချက်များပါလာရင် နောင်ဖြစ်ပေါ်လာမယ့် လွှတ်တော်အသီးသီးကတစ်ဆင့် အဆုံးအဖြတ်ကို ခံယူဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုရာမှာလည်း ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ဒီကနေ့အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ ခု ကျင့်သုံးခဲ့တဲ့အနက် ပထမဆုံးကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ကိုရည်ရွယ်ပြီး အငြင်းပွားဖွယ်ရာများနဲ့ အဆောတလျင် ရေးဆွဲခဲ့ရတဲ့အပြင် တိုင်းပြုပြည်ပြုလွှတ်တော်မှာသာ အတည်ပြုထားတဲ့ ဥပဒေဖြစ်ပါတယ်။ နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို ဥပဒေအမျိုးမျိုး၊ အုပ်ချုပ်မှုစနစ်အမျိုးမျိုးနဲ့ သွေးခွဲအုပ်ချုပ်ခဲ့တဲ့အပြင် လွတ်လပ်ရေးပေးရာမှာလည်း တောင်တန်း၊ ပြည်မ ခွဲခြားပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း ၁၉၄၁– ၁၉၄၃ ခုနှစ် ဘီအိုင်အေ (BIA)၊ ဘီဒီအေ (BDA) ခေတ်မှာ **"လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ"** ဆိုပြီး နိုင်ငံရေးရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးအကြိုကာလ ၁၉၄၃–၁၉၄၅ ခုနှစ် ဘီအင်န်အေ (BNA)၊ ပီဘီအက်ဖ် (PBF) ခေတ်မှာ **"လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ဝါဒရေးသည် တတိယ"** ဆိုပြီး နိုင်ငံရေးရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ပါတယ်။ သတိပြုစရာက လွတ်လပ်ရေးမရခင် အဲဒီခေတ်ကတည်းက မြန်မာနိုင်ငံဟာ ဆိုရှယ်လစ်စနစ် တည်ထောင်ရေး ရည်မှန်းချက် ရှိခဲ့တယ်ဆိုတာပဲ ဖြစ်ပါတယ်။

သို့သော် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ဆိုရှယ်လစ်စနစ်နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်မျိုးမတွေ့ရပါဘူး။ ဘာကြောင့်လည်းဆိုတာ သမိုင်းအထောက်အထားတွေနဲ့ ပြန်လေ့လာကြည့်မယ်ဆိုရင် ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ လန်ဒန်မှာချုပ်ဆိုခဲ့တဲ့ အောင်ဆန်း–အက်တလီ စာချုပ်ကိုအခြေခံပြီး ပေါ်ပေါက်လာခဲ့တာဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီအချိန်မှာ လွတ်လပ်ရေးအမြန်ဆုံးရရှိဖို့သည်သာအဓိကလို့ အဖွဲ့အစည်းအသီးသီးက ခံယူကြိုးစားနေချိန်လည်း ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလမှာကျင်းပမယ့် ဗြိတိသျှပါလီမန် အစည်းအဝေးမှာ မြန်မာနိုင်ငံလွတ်လပ်ရေးဥပဒေကြမ်း (Burma Independence Bill) ကို တင်သွင်းနိုင်မှသာ ပါလီမန်အစည်းအဝေးက အတည်ပြုတဲ့ အခွင့်အရေးရမှာလည်း ဖြစ်ပါတယ်။ ဒါမှလည်း လွတ်လပ်ရေးအမြန်ရရှိမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရာမှာ လွတ်လပ်ရေးကြိုးပမ်းမှုမှာပါဝင်ခဲ့တဲ့ အဖွဲ့အစည်းများအနေနဲ့ ဗြိတိသျှတို့အလိုကျ ထည့်ပေးခဲ့ရတဲ့ပြဋ္ဌာန်းချက်များစွာ ပါဝင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီကာလမှာ ဆိုရှယ်လစ်စနစ်ဆိုတဲ့ အသုံးအနှုန်းသာပါဝင်ခဲ့ရင် တိုင်းပြည်လွတ်လပ်ရေးရရှိဖို့ နှောင့်နှေးမှာလည်းဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် အဲဒီခေတ်က ဗြိတိသျှတို့ကျင့်သုံးနေတဲ့ ပါလီမန်ဒီမိုကရေစီစနစ်ကို ရွေးချယ်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့မြန်မာနိုင်ငံရဲ့လွတ်လပ်ရေး

ကို အတုအယောင် လွတ်လပ်ရေးလို့စွပ်စွဲပြီး လွတ်လပ်ရေးရပြီး ၃ လခန့်အကြာမှာ တောခိုလက်နက်ကိုင် ဆန့်ကျင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးသဘောထားကွဲလွဲမှု၊ အယူအဆရေးရာကွဲလွဲမှုတွေကစပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ စတင်လာခဲ့ရပါတယ်။ ဒါကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ဖို့ ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှာ လက်ဝဲညီညွတ်ရေးကောင်စီကို ဖွဲ့စည်းလုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မူလက လက်ဝဲညီညွတ်ရေးမူ (၁၅) ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အနောက်နိုင်ငံအချို့ရဲ့ ဖိအားပေးမှုတွေကြောင့် အချို့အချက်တွေကို ဖျက်သိမ်းခဲ့ရပါတယ်။ ဒါတွေကိုကြည့်ပါက အနောက်နိုင်ငံများရဲ့ ဝင်ရောက်စွက်ဖက်မှု ဘယ်လောက်ရှိခဲ့တယ်ဆိုတာ ထင်ရှားတဲ့သာဓကေပဲဖြစ်ပါတယ်။ ဒီလိုတိုက်ရိုက်စွက်ဖက်မှု၊ သွယ်ဝိုက်စွက်ဖက်မှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မြန်မာပြည်လွတ်လပ်ရေးရပြီးနောက်ကျင့်သုံးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့် စတာတွေနဲ့ပတ်သက်ရင် ပြည်ထောင်စုအတွက် အန္တရာယ်ရှိနိုင်တယ်လို့ သတိထားသင့်ကြောင်း ၁၉၄၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့အစီရင်ခံစာမှာ စောစီးစွာထောက်ပြခဲ့တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဒီလိုနောက်ခံသမိုင်းအကြောင်းရင်းတွေကြောင့် ပြည်ထောင်စုနိုင်ငံရဲ့အနာဂတ်ဟာ စိုးရိမ်စရာဖြစ်လာခဲ့ပါတယ်။ နိုင်ငံရဲ့မရေရာမသေချာတဲ့ဖြစ်ရပ်တွေကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့တဲ့ ခေါင်းဆောင်များဟာ တော်လှန်ရေးကောင်စီလက်ထက်မှာ ဆိုရှယ်လစ်စနစ်ကို စတင်အုတ်မြစ်ချခဲ့ကြတာပဲ ဖြစ်တယ်။

ယနေ့ ကျွန်တော်တို့ရဲ့ ခိုင်မာတဲ့နိုင်ငံရေးရည်မှန်းချက်ဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးပဲဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဖက်ဒရယ်ဆိုတဲ့ ပေါင်းစည်းနေထိုင်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ ခွဲဝေခံစားခြင်း၊ အုပ်ချုပ်မှုတာဝန် ခွဲဝေလုပ်ဆောင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ဆန္ဒကိုဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်းပဲဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရအနည်းစုရဲ့ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့၊ ဥပဒေကိုလေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေးပဲဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုအားလုံးက ဝိုင်းဝန်းဖော်ဆောင်ရမှာဖြစ်ပါတယ်။

အလားတူ တိုင်းရင်းသားပြည်သူအားလုံးလိုလားနေတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာမှာလည်း တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ ပြည်ထောင်စုကြီး၏ အကျိုးကို ရေရှည်ကြည့်ပြီး မိမိနိုင်ငံနဲ့ကိုက်ညီတဲ့ ဖက်ဒရယ်ပုံစံကို တည်ဆောက်သွားဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံသည် ရှေးဘုရင်များလက်ထက်ကတည်းက ပြည်ထောင်စုစနစ်ပုံစံနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ပထမမြန်မာနိုင်ငံတော်လို့ သတ်မှတ်ခဲ့ကြတဲ့ ပုဂံခေတ်ကတည်းက တိုင်းရင်းသားပြည်သူများနဲ့ စုစည်းတည်ထောင်ထားတဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များသိမ်းယူစဉ်က Burma ဆိုတဲ့ ပြည်ထောင်စုနိုင်ငံအဖြစ်နဲ့ သိမ်းယူခဲ့တာဖြစ်ပြီး လွတ်လပ်ရေးပေးချိန်မှာလည်း ပြည်ထောင်စုတစ်ဝန်းလုံးကို တစ်စုတစ်စည်းသောနိုင်ငံအဖြစ် လွတ်လပ်ရေးပေးခဲ့တာပဲဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်စာချုပ်များ ချုပ်ဆိုရာမှာလည်း လက်ရှိနယ်နိမိတ်အတိုင်း စာချုပ်ချုပ်ဆိုအသိအမှတ်ပြုခဲ့တာ၊ တိုင်းရင်းသားပြည်သူလူထုအားလုံးကလည်း အသိအမှတ်ပြုခဲ့တာဟာ ကျွန်တော်တို့နိုင်ငံသည် သမိုင်းအဆက်ဆက် ပြည်ထောင်စုနိုင်ငံအဖြစ်ရပ်တည်ခဲ့တယ်ဆိုတဲ့ ခိုင်မာတဲ့သမိုင်းပဲဖြစ်ပါတယ်။

ဒီလိုသမိုင်းစဉ်တစ်လျှောက် ရပ်တည်ခဲ့တဲ့ ပြည်ထောင်စုကို တည်ဆောက်ရာမှာ မှန်ကန်တဲ့၊ နိုင်ငံနဲ့ကိုက်ညီတဲ့ စနစ်ဖြစ်ဖို့လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုများ များပြားလှတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကိုကျင့်သုံးရာမှာ လူမျိုးကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ထက် နယ်မြေဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဒါမှသာ ကွန်ဖက်ဒရေးရှင်းဆိုတဲ့ ကွဲပြားခြားနားမှုကို

အားပေးတဲ့၊ ပြည်ထောင်စုပြိုကွဲခြင်းကို ဦးတည်သွားစေနိုင်မယ့်ကိစ္စတွေကို ရှောင်ရှားနိုင်မှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှာ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွက် အုပ်ချုပ်ရေးအာဏာများ ခွဲဝေထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များမှာလည်း တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီရဲ့ အခွင့်အရေးများ၊ အာမခံချက်များကို တန်းတူညီမျှ ပေးထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရနဲ့ ဘာသာရေးအရ သဘောထားကွဲလွဲစရာ အကြောင်းမရှိပါဘူး။ ဒါတွေကို လက်တွေ့ကျင့်သုံးခြင်း၊ လိုအပ်တာတွေကို ဥပဒေနဲ့အညီ ပြင်ဆင်တိုးချဲ့ခြင်းတို့ဟာ လက်တွေ့ကျတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ခြင်းပဲ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ဒီမိုကရေစီစနစ်ဆိုရာမှာ အမျိုးမျိုးရှိပါတယ်။ ယနေ့ကျွန်တော်တို့နိုင်ငံကျင့်သုံးနေတာက ပါတီစုံဒီမိုကရေစီဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ အထွေထွေရွေးကောက်ပွဲဟာ အရေးကြီးပါတယ်။ ပြည်သူတွေအနေနဲ့ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းအရ အထွေထွေရွေးကောက်ပွဲအတွေ့အကြုံတွေလည်းရှိကြပြီးဖြစ်ပါတယ်။ ဖဆပလခေတ်က ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ယနေ့ခေတ် ပါတီစုံဒီမိုကရေစီစနစ်ရဲ့ ပြီးခဲ့တဲ့ရွေးကောက်ပွဲတွေအထိဟာ **"အနိုင်ရသူ အကုန်ယူ"** စနစ်ဖြစ်တာကြောင့် နိုင်ငံရေးချိန်ခွင်လျှာညီမျှမှုမရှိခဲ့ဘဲ တိုင်းရင်းသား လူမျိုးစုပါတီများအနေနဲ့ နိုင်ငံရေးမှာ ပါဝင်ခွင့် အခွင့်အရေးနည်းပါးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုကြီး ၈ စုရှိပြီး လူမျိုးစု ၁၃၀ ကျော်ရှိပါတယ်။ အဲဒီတော့ တိုင်းရင်းသားပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးကို ခိုင်မာတဲ့ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ ဖက်ဒရယ်ဟာ **"ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်း"** လို့လည်း အနက်အဓိပ္ပာယ်ရှိပါတယ်။ မျှဝေခံစားဖို့ဆိုရင်တော့ ရွေးကောက်ပွဲစနစ်မှာ ယခင်ကျင့်သုံးခဲ့တဲ့ အင်အားကြီးပါတီတစ်ခုတည်းက **"အနိုင်ရသူ အကုန်ယူ"** ဆိုတဲ့ စနစ်အစား တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဖို့ **"အချိုးကျကိုယ်စားပြု စနစ်"** PR စနစ်ကိုကျင့်သုံးရမှာဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဆန္ဒတစ်ခုတည်းမဟုတ်ပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အဆိုပြုချက်တွေနဲ့ ဖြစ်ပေါ်လာတဲ့ NCA စာချုပ်ထဲက ဘုံသဘောဆန္ဒလည်းဖြစ်ပါတယ်။ NCA စာချုပ်ပါ အခန်း(၁) အခြေခံမူများမှာ **"ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားရန်"**၊ **"နိုင်ငံသားအားလုံး တန်းတူရည်တူ အခွင့်အရေးများရရှိစေရန်"** ဆိုတဲ့ အချက်ပါရှိပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် PR စနစ်ဟာ ကျွန်တော်တို့နိုင်ငံနဲ့ အသင့်လျော်ဆုံးဆိုတာ ပြောကြားလိုပါတယ်။

> **ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဖက်ဒရယ်ဆိုတဲ့ ပေါင်းစည်းနေထိုင်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ ခွဲဝေခံစားခြင်း၊ အုပ်ချုပ်မှုတာဝန် ခွဲဝေလုပ်ဆောင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ဆန္ဒကိုဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်းပဲဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ဖို့၊ ဒီမိုကရေစီစနစ် မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့၊ ဥပဒေကိုလေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေးပဲဖြစ်ပါတယ်။**

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

၂၀၁၁ ခုနှစ် ဒီမိုကရေစီပထမအစိုးရလက်ထက် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တာထွက်ကောင်းခဲ့ပြီး တိုင်းပြည်လည်း အထိုက်အလျောက် တိုးတက်ခဲ့ပါတယ်။ NCA စာချုပ်ကြီး ပေါ်ပေါက်လာခဲ့ပြီး ငြိမ်းချမ်းရေးအတွက် ရလဒ်ကောင်းတွေရရှိချိန်မှာ တိုင်းပြည်သစ္စာဖောက်အချို့နဲ့ ပြည်ပနိုင်ငံအချို့က NCA မှာ လက်မှတ်မရေးထိုးဖို့ သွေးထိုးလှုံ့ဆော်ခဲ့ကြပါတယ်။ ဒါပေမဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားတဲ့ အဖွဲ့အစည်း ၈ ဖွဲ့ဟာ NCA စာချုပ်ကြီးမှာ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နောက်ထပ် ၂ ဖွဲ့ဟာလည်း ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့လို့ လက်ရှိအချိန်ထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးရခြင်းမရှိသေးတဲ့ ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိုလည်း NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးတည်ဆောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ NCA စာချုပ်ကြီး ပေါ်ပေါက်လာပြီးတစ်ပြိုင်နက် တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ တပ်မတော်ကထုတ်ပြန်တဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ **“အသိတရား”** ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမည့် **“အရှိတရား”** လည်း ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစတင်ပြီး ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့လည်း နိုင်ငံတော်ကိုစတင်တာဝန်ယူတဲ့အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ခဲ့ရာ လက်ရှိမှာလည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နဲ့ ဦးတည်ချက် (၉) ရပ် ချမှတ်ထားပါတယ်။ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှာ **“NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်”** ဆိုတဲ့ အချက်ပါရှိသလို ဦးတည်ချက်(၉)ရပ်မှာလည်း **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး”** ဆိုတဲ့အချက်ကို ထည့်သွင်းဆောင်ရွက်နေတာ တွေ့နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီဆိုပြီး ကော်မတီ (၃) ရပ် ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအဆင့်ဆင့်တို့ဟာ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှာ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံမှု ရှိ/မရှိ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်အပေါ် လက်ခံမှု ရှိ/မရှိအပေါ်မူတည်လျက် မည်သည့်ကန့်သတ်ချက်မှမပါသော တွေ့ဆုံဆွေးနွေးပွဲကို ဖိတ်ခေါ်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ EAO အဖွဲ့ (၇) ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ EAO အဖွဲ့(၃)ဖွဲ့တို့မှ ကိုယ်စားလှယ်များနဲ့တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနဲ့အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ ဒေသအတွင်းရှိ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတားတည်ဆောက်ရေးနဲ့ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ပြည်သူများကို ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ **“၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်”** ဖြစ်ကြောင်း ကျွန်တော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ရာမှာ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နဲ့ ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နဲ့ ၂၀၂၂ ခုနှစ်၊ မေလမှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်း (၃) ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးရာမှ ဘုံသဘောတူညီချက်အဖြစ်–

(၁) ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစရေး အတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင် ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလား ချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်တို့ကိုအခြေခံသော ပြည်ထောင်စု တည်ဆောက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက် ရေးအတွက် လက်တွဲပူးပေါင်း အကောင်အထည် ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေးနှင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေး။

ဆိုတဲ့ ဘုံသဘောတူညီချက် (၄) ချက်ရရှိခဲ့ကြပါတယ်။

ဒ့ါအပြင် တွေ့ဆုံဆွေးနွေးရေးယန္တရားဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော် ဆောင်မှုညှိနှိုင်းရေးကော်မတီအနေနဲ့လည်းသက်ဆိုင်ရာ ဆွေးနွေးဖက်အဖွဲ့အစည်းများနဲ့ အလွတ်သဘောတွေ့ဆုံ မှုများ၊ Video Conferencing ဖြင့် ဆွေးနွေးမှုများနဲ့ တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ NCAလက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ (၇၃) ကြိမ်၊ လက်မှတ်ရေးထိုးထား ခြင်းမပြုသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနဲ့ (၂၅) ကြိမ်၊ နိုင်ငံရေးပါတီများနဲ့ (၁၆) ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနဲ့ (၇) ကြိမ်၊ စုစုပေါင်း တွေ့ဆုံဆွေးနွေးမှု (၁၂၁) ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါ တယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေ အားလုံးရဲ့ ငြိမ်းချမ်းသာယာဝပြောတဲ့အနာဂတ်၊ ကောင်းမွန် တဲ့ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါတယ်။ ကျွန်တော် တို့နိုင်ငံနဲ့ ပြည်သူပြည်သားအားလုံးအတွက် အမျိုးသားရေး ရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေ ရိက္ခာဖူလုံရေးကို ဆောင်ရွက်နေပါတယ်။ နိုင်ငံရေးရည် မှန်းချက်အနေနဲ့ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ် စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ဆောင်ရွက်ပါမယ်။ ဒီနှစ်ချက်ဟာ ကျွန်တော်တို့အတွက် အဂ္ဂမဟာဗျူဟာ (Grand Strategy) ပါပဲ။ လက်ရှိအချိန် မှာတော့ နောင်အနာဂတ်မှာပါ ရေရှည်ရည်မှန်းချက် အဖြစ် စဉ်ဆက်မပြတ်တိုးတက်ခိုင်မာအောင် ဆောင်ရွက် သွားကြရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေဆောင်ရွက်နိုင် ဖို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ ရှေ့လုပ်ငန်းစဉ်(၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ မဟာဗျူဟာ (Strategy) ပါပဲ။ ဒီအဂ္ဂ မဟာဗျူဟာနဲ့ မဟာဗျူဟာတွေ အောင်မြင်စေဖို့၊ ခိုင်မာ စေဖို့ လက်ရှိကျွန်တော်တို့ လုပ်ဆောင်နေတာက ဦးတည်ချက် (၉) ချက်ပါပဲ။ ဒါဟာ ကျွန်တော်တို့ရဲ့ နည်းဗျူဟာ (Tactic) ပဲ ဖြစ်ပါတယ်။

ဒီလို နိုင်ငံတော်အတွက် ရည်ရွယ်ချက်၊ ရည်မှန်းချက် များကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ အစိုးရတစ်ရပ်က ဦးဆောင်မှုပြုရမှာဖြစ်သလို ပြည်သူလူထုအားလုံးက လည်း လိုက်ပါဆောင်ရွက်နိုင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျ လို့ ပညာခေတ်မှာ ခေတ်မီအခြေခံပညာအထက်တန်းနဲ့ အဆင့်မြင့်ပညာတတ်မြောက်မှု နည်းပါးခဲ့ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးမှာ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါတယ်။ ဒီမိုကရေစီစနစ် မှာ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ပညာနဲ့ တွေးခေါ်မြော်မြင် နိုင်စွမ်းအားဟာ အထူးအရေးကြီးလှပါတယ်။ ကျွန်တော် တို့နိုင်ငံရဲ့ လူဦးရေအများစုနေထိုင်တဲ့ ကျေးလက်ဒေသတွေ ဟာ ပညာရေးအားနည်းခဲ့ပါတယ်။ ပညာရေးအားနည်း ချက်နဲ့အတူ တွေးခေါ်မြော်မြင်မှုမှာ လိုအပ်ချက်တွေ ရှိ ခဲ့ပါတယ်။ တွေ့ခဲ့၊ ကြုံခဲ့သမျှ၊ သိသမျှ၊ တတ်သမျှအပေါ် မှာပဲ အခြေခံပြီး ပြောဆိုပြုမူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြည်ပက မြှောက်ထိုးပင့်ကော်လုပ်နေမှုတွေ၊ မဟုတ်မမှန်

သတင်းတွေအပေါ်မှာနားယောင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ ဒါတွေကို ပြုပြင်ဖို့၊ ခေတ်စနစ်နဲ့အညီ အတွေးအခေါ်၊ အမြော်အမြင်များ တိုးတက်အောင်လုပ်ဖို့ လိုအပ်ပါတယ်။ ဒါဟာ နိုင်ငံတော်ရဲ့အနာဂတ်ပါပဲ။ ဒါ့ကြောင့် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူလူထုရဲ့ ကောင်းကျိုးကိုလိုလားကြတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအားလုံး၊ နိုင်ငံအားလုံး၊ တိုင်းရင်းသား ပြည်သူလူထုအားလုံး အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာရှိနေတဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ EAO များအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေး၊ အတွေးအခေါ်နဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့မှာ ပူးပေါင်းအားပေးကူညီကြဖို့ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံသူနိုင်ငံသားများ လိုလားတောင့်တနေတဲ့ နိုင်ငံတော်အေးချမ်းသာယာရေး၊ စားရေရိက္ခာပေါများရေး၊ သာယာဝပြောရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ပညာသင်ကြားနိုင်ကြရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးများရရှိခံစားနိုင်အောင် သက်ဆိုင်သူအားလုံးက နိုင်ငံ့မျက်နှာကြည့်ပြီး ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ဖြတ်သန်းလာခဲ့တဲ့ NCA သမိုင်းကြောင်းဟာ ဒီနေ့မှာဆိုရင် (၈) နှစ်တာကာလ ဖြတ်သန်းခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် **“လွတ်လပ်ရေး”** ဆိုတဲ့ ရှေးဘိုးဘွားများရဲ့ အမွေတစ်ခုကို ကျွန်တော်တို့အားလုံး ဆက်ခံရယူပြီးဖြစ်သလို မိမိတို့လက်ထက်၊ မိမိတို့ကာလမှာလည်း နောက်မျိုးဆက်သစ်လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တစ်ခုကိုပေးအပ်ဖို့ တာဝန်ရှိပါတယ်။ အဲဒါကတော့ **“စစ်မှန်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေး”** ဆိုတဲ့ အမွေအနှစ်ကောင်းတစ်ခုပဲ ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးအမွေအနှစ်ကောင်းကို ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေထံ လက်ဆင့်ကမ်းခဲ့ကြပါစို့လို့ လေးနက်စွာထပ်မံတိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ **“ရှေ့သို့ချီမည့်ပန်းတိုင်ဆီ”** စိတ်ဓာတ်နဲ့အညီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ပါအတိုင်း မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်သလို နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးအတွက် NCA ကို အလေးထားဆောင်ရွက်သွားမှာဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်သွားကြပါ။

ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် NCA လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့အစည်းများကလည်း NCA ပါ ကတိကဝတ်ကို စောင့်ထိန်းကြဖို့နဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါ။

NCA မှာ လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရာမှာ ထဲထဲဝင်ဝင်ပါဝင်နိုင်ဖို့အတွက် တွေ့ဆုံညှိနှိုင်းရေးဆွေးနွေးပွဲများဆီသို့ အရောက်လှမ်းခဲ့ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၈/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား

( ၁၈ - ၁၀ - ၂၀၂၃ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ်(၈/၂၀၂၃)ကို အောက်တိုဘာလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ညီစောနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ မှန်မှန်ကန်ကန်လည်ပတ်နိုင်ရေးနှင့် မြေနေရာများကို အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်ရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများနှင့်ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ချိန်တွင် ဝန်ကြီးဌာနများရှိ အချို့လုပ်ငန်းများ ဖျက်သိမ်းခြင်းများရှိသကဲ့သို့ အချို့လုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များပေးခြင်းနှင့် ဖက်စပ်ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအချို့ကို ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးများဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် လည်ပတ် သင့်သည့် စက်ရုံများနှင့် လုပ်ငန်းများကို ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ဝန်ကြီးဌာနများ၌ လုပ်ငန်းလည်ပတ်မှုမရှိဘဲ ရပ်တန့်နေရသည့် လုပ်ငန်းရပ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းဆောင်ရွက်ရန် အကြောင်းအမျိုးမျိုးဖြင့် မြေနေရာများရယူထားရှိပြီး လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသည်များ ရှိနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့အကျိုးအတွက် ကြည့်မည်ဆိုပါက ၎င်းမြေနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်မည့်၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်မည့် အဖွဲ့အစည်း

များက လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဓိက အားဖြင့် နိုင်ငံအတွက်လိုအပ်သည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရပိုင်းဆိုင်ရာနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများ စသည် ဖြင့် အပိုင်းလိုက်ဆောင်ရွက်ရန်လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လို ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လွှဲပြောင်း ပေးရာတွင်လည်း အမှန်တကယ် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူများကိုသာ ဆောင်ရွက်ခွင့်ပေးရန်လို ကြောင်း၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် လုပ်ငန်း များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု အတွက် အထောက်အကူပြုသည့် လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

**နိုင်ငံတော်ဘတ်ဂျက်များကို အကျိုးရှိစွာဖြင့် အသုံးချ နိုင်ရေးနှင့် သတ်မှတ်ကာလများအတွင်း လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက် ရန်လို**

မိမိတို့အနေဖြင့် နှစ်စဉ် ဘတ်ဂျက်ငွေများကို ချထား ပေးလျက်ရှိပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ ဝန်ကြီးချုပ်များအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် အကျိုးဖြစ်ထွန်းစေနိုင်မည့် လုပ်ငန်းများ အတွက် အမှန်တကယ်လိုအပ်မည့် ငွေကြေးတောင်းခံ မှုများကိုသာ ဖြစ်စေရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားကဏ္ဍများစွာတွင် သုံးစွဲရမည့်ငွေကြေးပမာဏ များစွာရှိနေသည်ဖြစ် သည့်အတွက် စနစ်တကျ တွက်ချက်တောင်းခံသွားစေ လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ လုပ်ငန်း များဆောင်ရွက်ရာတွင် နိုင်ငံတော်ဘတ်ဂျက်များကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး သတ်မှတ်ကာလများ အတွင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမှသာ ပြည်တွင်းစားသုံးမှုကို ဖူလုံမည်ဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်**

မိုးသီးနှံစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်သည့် နိုင်ငံဖြစ်ကြောင်း၊ မိုးသီးနှံများကို ပြည့်ဝစွာစိုက်ပျိုးနိုင်ရေး မိမိအနေဖြင့် တိုက်တွန်းဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုး ထားသည့် စိုက်ပျိုးမြေများ၌ ရာနှုန်းပြည့် အောင်မြင် ဖြစ်ထွန်းစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အထွက် နှုန်းနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုး ရာသီတွင် နွေစပါးထွက်ရှိမှုနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး အနေဖြင့် ပျမ်းမျှ ၉၆ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင် ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိုးသီးနှံများ စိုက်ပျိုးရာတွင် ရာနှုန်းပြည့်အောင်မြင်ရေးနှင့် အထွက် နှုန်းများကောင်းမွန်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်း ကောင်းမှသာ ပြည်တွင်းစားသုံးမှုဖူလုံမည်ဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့ နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအားလုံး နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

■ ■ ■

# အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန် ရှင်းလင်းဆောင်ရွက်သည့် တာဝန်ရှိသူများအား ဆွေးနွေးပြောကြားသည့် အမှာစကား

( ၂၁ - ၁၀ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန် အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ရှမ်းရိုးမမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က ရှမ်းရိုးမမွေးမြူရေးဇုန်ဆိုင်ရာ အချက်အလက်များနှင့် ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မွေးမြူရေးဇုန်အတွင်း လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်လျက်ရှိမှု၊ တိရစ္ဆာန်ကျန်းမာရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စောင့်ရှောက်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ဇုန်အတွင်း ဥစားကြက်မွေးမြူထားရှိမှု၊ နှစ်အလိုက် ကြက်ခြံအရေအတွက်နှင့် ကောင်ရေတိုးတက်လာမှုအခြေအနေများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကြက်ဥများ ဖြန့်ဖြူးပေးလျက်ရှိမှု၊ အဆင့်မြင့် နည်းပညာအသုံးပြု ဥစားကြက်ခြံများ ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးဇုန် အတွင်း ဖြစ်ပေါ်လာနိုင်သည့် ရောဂါများဆိုင်ရာ အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**မေးမြန်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွေးမြူရေးဇုန် အတွင်း အစာထုတ်လုပ်မှု၊ ကျွေးမွေးမှုနှင့် ရေပြည့်ဝစွာ ရရှိရေး ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ သိရှိလိုသည် များ မေးမြန်းဆွေးနွေးပြီး ယခု အေးသာယာစက်မှုဇုန် အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်း ပေးနိုင်ရန်နှင့် အားပေးရန်အတွက် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေသထွက်စိုက်ပျိုးမွေးမြူရေး ထုတ်ကုန် များကို အခြေခံသည့် စက်မှုလုပ်ငန်းများ လုပ်ဆောင်

နိုင်ရေးအတွက် အေးသာယာစက်မှုဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရမှု လျော့နည်းသွားစေရန်အတွက် နို့စားနွားမွေးမြူရေးကို ဆောင်ရွက်ကြရန် ဦးစွာရည်ရွယ်ခဲ့သော်လည်း ဒေသခံများ ပိုမိုစိတ်ဝင်စားသည့် ဥစားကြက် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်တွင် အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမ မွေးမြူရေးဇုန်မှ ကြက်ဥများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေအတွက်များစွာ ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မွေးမြူရေးဇုန်တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးအတွက်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြက်ဥလိုအပ်ချက်သည် နေ့စဉ်ရှိနေပြီး ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ကြက်ဥဈေးနှုန်း ကြီးမြင့်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လူဦးရေအပေါ်မူတည်၍ တစ်နေ့လျှင် လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကိုစနစ်တကျ သုံးသပ်တွက်ချက်၍ မွေးမြူရေးဇုန်များ တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးကိုဆောင်ရွက်ကြစေလိုကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် အစာစပ်စက်ရုံဆောင်ရွက်ပြီး မွေးမြူရေးအစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေရှိပြီးဖြစ်ကြောင်း၊ မွေးမြူရေးအစာထုတ်လုပ်ရန် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများလည်း ရှိပြီးဖြစ်သဖြင့် အစာစပ်စက်ရုံကို စနစ်တကျဆောင်ရွက်ပြီး ဒေသတွင်းနှင့် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးနိုင်ရမည်ဖြစ်ကြောင်း။

**တိုးချဲ့ဆောင်ရွက်သင့်**

အေးသာယာစက်မှုဇုန်သည် တစ်နိုင်ငံလုံးသို့ကြက်ဥများအဓိကဖြန့်ဖြူးသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ကြက်ခြံများ တိုးချဲ့နိုင်ရေးအတွက်လည်း သမားရိုးကျနည်းလမ်းများအပြင် ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့ဆောင်ရွက်သင့်ကြောင်း၊ အလုံပိတ်အအေးခန်းစနစ်(Evaporated Cooling System)ဖြင့် အဆင့်မြင့် ကြက်မွေးမြူခြင်းသည် အရင်းအနှီးအားဖြင့် များသည်ဖြစ်သော်လည်း ဇီဝလုံခြုံမှုအပြည့်အဝရှိမည်ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ အရည်အသွေးမြင့် ကြက်ဥများ ရရှိနိုင်ခြင်းအပြင် အခြားအကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်တို့မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

■ ■ ■

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းတွင် ဥစားဘဲများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၂၁ - ၁၀ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ စိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် အသားစားကြက်များ မွေးမြူထားရှိမှု၊ နို့စားနွားများ မွေးမြူထားရှိမှု၊ ဥစားဘဲများမွေးမြူထားရှိမှု၊ DYL ဝက်များ မွေးမြူထားရှိမှု၊ ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ မြက်ချဉ်ဖတ်စမ်းသပ်ထုတ်လုပ်နေမှု၊ ဆိတ်မွေးမြူရေးဆောင်ရွက်ထားရှိမှု၊ အစာစပ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် တပ်ရင်းတပ်ဖွဲ့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေး ခြံမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် အသီးအရွက်များကို တပ်မတော်သားမိသားစုများနှင့် ဝန်ထမ်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့်ရောင်းချပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၌ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းသည် အရာရှိ၊ စစ်သည်များနှင့် တပ်မိသားစုဝင်များ အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်ဖြစ်ပြီး ပိုလျှံပါက ဒေသခံများသို့ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းဖြင့် ဒေသ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုး

မွေးမြူရေးဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်သော ထုတ်လုပ်မှုမျိုးဖြစ်စေရေး မွေးမြူမှု၊ စိုက်ပျိုးမှု အချိန်ကာလတို့ကို စနစ်တကျ တွက်ချက် ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် ထုတ်လုပ်မှုကို ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးစပါးများစိုက်ပျိုးရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး မျိုး၊ မြေ၊ ရေ၊ နည်း စသည့် လေးချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ နွေစပါးစိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဥစားဘဲများကို ယခုထက်ပိုမိုတိုးချဲ့ မွေးမြူနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်အစာများ ရရှိနိုင်ရေး ဒေသတွင်း ရရှိနိုင်သည့် ကုန်ကြမ်းများ အသုံးပြုကာ အဆင့်မီအစာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

နွားနို့နှင့် အသားထွက်နှုန်း ကောင်းမွန်ရေးဆောင်ရွက်ရန်အတွက် အစာစပ်သည့်စနစ်တွင် ပါဝင်ရမည့် ပစ္စည်းများ အချိုးအစားမှန်ကန်ရန်နှင့် ရေပေးဝေမှုစနစ်ကျန ဖူလုံရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ အထွက်နှုန်းတိုးအောင်ဆောင်ရွက်ပြီး မိမိတို့၏ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအားလုံး ပြည့်ပြည့်ဝဝ ဖူလုံစွာ စားသုံးနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ငါးမွေးမြူရေးဆောင်ရွက်ရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ငါးမျိုးများကို သုတေသနပြု မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ် အစာစက်ရုံကို တိုးချဲ့ဆောင်ရွက်ပြီး ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များ သင်တန်းကျောင်းများမှ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မွေးမြူရေးအစာများကို ဖြန့်ဖြူးပေးနိုင်ရမည် ဖြစ်ကြောင်း။

**စံပြဖြစ်နေရမည်**

နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းအနေဖြင့် သက်တမ်းရင့် စိုက်ပျိုးမွေးမြူရေးစခန်းဖြစ်ပြီး အတွေ့အကြုံများစွာရှိပြီးဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများသည် စံပြဖြစ်နေရမည်ဖြစ်ပြီး တာဝန်ပေးအပ်ရာတွင်လည်း အမှန်တကယ် အလုပ်လုပ်နိုင်သည့်သူများကိုသာ ရွေးချယ်တာဝန်ပေးအပ်သွားရန်လိုကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကို တတ်နိုင်သမျှ နည်းပါးအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် သက်သာချောင်ချိရေးကို များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အဆင့် စိုက်ပျိုးမွေးမြူရေးစခန်း ဖြစ်သဖြင့် မှန်ကန်ကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်မှုစနစ်ရှိရမည်ဖြစ်ကာ မြေကိုအကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် စနစ်ကျနသည့် ရေသုံးစွဲမှုစနစ် ရှိရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို မှာကြားသည်။

■ ■ ■

# ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၂ - ၁၀ - ၂၀၂၃ )




ရွှေညောင်– တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထား လမ်း ပိုင်း ဖွင့် လှစ် ခြင်း အ ခ မ်း အ နား ကို အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ဘူတာရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက် လာကြသူများသည် အခမ်းအနားကျင်းပပြုလုပ်မည့် တောင်ကြီးဘူတာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေညောင်– တောင်ကြီး– နောင် ကားလမ်းခွဲ–ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရှမ်းပြည်နယ်အတွင်း အရှည် ၂၁ ဒသမ ၇၂ မိုင်ရှိသည့် ရွှေညောင်–တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးမှုနှင့်အတူ အရှည်

၁၀ ဒသမ ၇၈ မိုင်ရှိသည့် နောင်ကားလမ်းခွဲ–ပင်းပက် ရထားလမ်းပိုင်းသစ် ဖွင့်လှစ်သည့် ဖွင့်ပွဲအခမ်းအနား ဖြစ်သဖြင့် ရှမ်းပြည်နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ အတွက်ရော၊ တစ်နိုင်ငံလုံးမှ မြန်မာပြည်သူများ အားလုံး အတွက်ပါ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ထူးထူးခြားခြား ဂုဏ်ပြုမှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာနေ့မြတ်အခါသမယတွင် ယခုဖွင့်ပွဲကို တက်ရောက်လာကြသူများ၊ ဒေသခံမိတ်ပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း နှင့် မြန်မာ့မီးရထား၏ အများပြည်သူသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေ ကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

> အနာဂတ်တွင် လျှပ်စစ်ရထား ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့် တွဲများ တည်ဆောက်ရေးအတွက် လိုအပ်သည့် ပစ္စည်းများ ပြည်ပမှဝယ်ယူမှုကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်နိုင်ရန် သုတေသနပြု နည်းပညာများ လေ့လာပြီး ကြိုးပမ်း ဆောင်ရွက်သွားရန် စသည်များကို မှာကြားထားပြီးဖြစ်ပါ၊ နိုင်ငံတော် အနေဖြင့် ရနိုင်သမျှ ဘဏ္ဍာငွေများကို အသုံးပြုပြီး ရထားလမ်းပိုင်းအလိုက် အဆင့်မြှင့်တင် မွမ်းမံခြင်း၊ ရထားတွဲများ ပြုပြင်ထိန်းသိမ်းခြင်း၊ တွဲသစ်များ တည်ဆောက်တပ်ဆင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိ။

**အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထား ပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်သည့်နိုင်ငံဖြစ်**

ရထားပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သမိုင်း၏ **အထင်ကရဇာတ်ကောင်တစ်ဦးဖြစ်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး(Public Transport)နှင့် ပတ်သက် လာပါက ပထမဦးဆုံးနှင့် ဈေးအကျဆုံး Transport Mode တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၄၆ နှစ် ကျော် သက်တမ်းရှိခဲ့ပြီဖြစ်သည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ သက်တမ်းအရင့် ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်သည့် နိုင်ငံ လည်းဖြစ်**ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးပါသည့် ကဏ္ဍကြီး တစ်ရပ်ဖြစ်ပါကြောင်း၊ ဒီထက်ပိုပြီးပြောရမည်ဆိုပါက အခြေခံလူတန်းစား ပြည်သူအများစုကြီး အားကိုးအားထား အသုံးပြုနေရသည့် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း သည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ခေတ်စနစ်ပေါင်း များစွာ၊ အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင် ကျော်လွှားခဲ့ပြီး ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်တစ်ခါ မြင့်တစ်လှည့် အောင်မြင်မှု၊ ဆုံးရှုံးမှုများစွာကို ဖြတ်သန်း ခဲ့ရသည့်အတွက် ယနေ့အချိန်တွင် အတွေ့အကြုံရင့်ကျက် သည့် ဌာနကြီးတစ်ခုအဖြစ် ရှုမြင်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် စရိတ်စကသက်သက်သာသာဖြင့် ခရီးသည် အများအပြားကို သက်သောင့်သက်သာဖြင့် လိုရာခရီးကို ပို့ဆောင်ပေးနိုင်သကဲ့သို့ ကုန်စည်အမြောက်အမြားကို လည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးကို စရိတ် ကျဉ်းကျဉ်းဖြင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ခြင်းသည် မြန်မာ့မီးရထား၏ ထင်ရှားသည့်အားသာချက်ဖြစ်ပါကြောင်း။

ရထားလုပ်ငန်းသည် နိုင်ငံအတွက် မဟာဗျူဟာအရ အရေးကြီးသည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ရထားသည် ကားနှင့် နှိုင်းယှဉ်ပါက တူညီသောကုန်စည်ပမာဏနှင့် အကွာအဝေးအတွက် လောင်စာဆီလေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံသာ ကုန်ကျသည့်အတွက် လေထု ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ပါး သက်သာစေသကဲ့သို့ ခရီးသည်နှင့် ကုန်စည်အမြောက်

အမြား သယ်ယူပို့ဆောင်နိုင်သည့်အတွက် ယာဉ်ကြော ကျပ်တည်းမှု ဖြစ်ပေါ်နေသည့် မြို့ကြီးများ၌ မဖြစ်မနေ အားထားအသုံးပြုနေရသည့် အားသာချက်ကြောင့် ရထားလုပ်ငန်း ဆက်လက်ရှင်သန်နိုင်ရေးအတွက် နိုင်ငံ အစိုးရအသီးသီးက နည်းအမျိုးမျိုးဖြင့် ပံ့ပိုးထောက်ကူ ပေးထားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူပြီးသည့်နောက် တွင် ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင် အစိုးရလက်ထက် မပြီးပြတ်ခဲ့သည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ပြည်သူများအတွက် လိုအပ်မည့် စီမံကိန်း အသစ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မိမိကိုယ်တိုင် တာဝန်ရှိသူများနှင့် မကြာခဏ တွေ့ဆုံပြီး ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှာကြားမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရထားလမ်းများ ကြံ့ခိုင် ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာပြီး ရေရှည်အတွက် မျှော်မှန်းစဉ်းစားဆောင်ရွက် ရန်၊ ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိက အားထားအသုံးပြုပြီး နည်းပညာများ တိုးတက်လာအောင် ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲ နိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့် တွဲများ တည်ဆောက်ရေးအတွက် လိုအပ် သည့်ပစ္စည်းများ ပြည်ပမှဝယ်ယူမှုကို တဖြည်းဖြည်း လျှော့ချပြီး ပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်နိုင်ရန် သုတေသနပြု၊ နည်းပညာများ လေ့လာပြီး ကြိုးပမ်း ဆောင်ရွက်သွားရန် စသည်များကို မှာကြားထားပြီးဖြစ် ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရနိုင်သမျှ ဘဏ္ဍာငွေများ ကို အသုံးပြုပြီး ရထားလမ်းပိုင်းအလိုက် အဆင့်မြှင့်တင် မွမ်းမံခြင်း၊ ရထားတွဲများ ပြုပြင်ထိန်းသိမ်းခြင်း၊ တွဲသစ် များ တည်ဆောက်တပ်ဆင်ခြင်း၊ ဘူတာရုံများ အဆင့် မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဖြည့်ဆည်း ဆောင်ရွက်ပေးမှုများ၏ ရလဒ်အသီးအပွင့်တစ်ခုအဖြစ် ယနေ့ဒီရထားလမ်းပိုင်းအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

ယခုအခါ တောင်ကြီး – ဆိုက်ခေါင် ရထားလမ်းပိုင်း အတွင်းရှိ နောင်ကားလမ်းခွဲဘူတာမှတစ်ဆင့် ဟိုပုံးမြို့ အနီး ပင်းပက်အထိ အရှည် ၁၀ ဒသမ ၇၈မိုင်ကို အောင်မြင်စွာ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ အဆိုပါရထားလမ်းပိုင်းအသစ် ဖောက်လုပ်ခြင်းနှင့်အတူ လမ်းပိုင်းအတွင်း အဓိကကျသည့် ရွှေညောင်–တောင်ကြီး ရထားလမ်းပိုင်းသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလက စတင် ဖွင့်လှစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကျိုး ရှိစွာအသုံးမပြုနိုင်ပါကြောင်း၊ ထို့ကြောင့် ရထားလမ်းကွေ့ နှင့် ဆင်ခြေလျှောများ ပြေပြစ်ပြီး ပိုမိုကြံ့ခိုင်မှုရှိစေရန်၊

မြန်မာ့မီးရထားသည် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ခရီးသည်နှင့် ကုန်စည်များကို စျေးနှုန်းသက်သာစွာနှင့် လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုနိုင်စေရန်၊ တစ်ချိန်တည်း၌ လူ၊ ပစ္စည်း၊ ငွေကြေး စသည့် ရှိရင်းစွဲအရင်း အမြစ်များကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်၊ ထို့ပြင် စျေးကွက် စီးပွားရေး မူဝါဒနှင့်အညီ ယှဉ်ပြိုင်နေရသည့် ယနေ့အချိန်အခါမျိုး၌ စီးပွားရေးဆန်ဆန် ယှဉ်ပြိုင်နိုင်ပြီး ခရီးသည်နှင့် ကုန်စည်များကို ကုန်ကျစရိတ်သက်သာစွာ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သည့် လုပ်ငန်းကြီး တစ်ရပ်ဖြစ်လာစေရေးကိုလည်း မြန်မာ့ မီးရထားဝန်ထမ်းတိုင်းက မျှော်မှန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်။

ခရီးသည်နှင့် ကုန်စည်များ လုံခြုံစိတ်ချစွာ ဝန်ချိန်ပြည့် သယ်ယူပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ပါကြောင်း။

**ခရီးသည်နှင့် ကုန်စည်ရရှိမှုအပေါ် မူတည်ပြီး ပြေးဆွဲပေးသွားမည်ဖြစ်သည့်အတွက် ထင်ရှားမြင်သာသည့် အကျိုးရလဒ်ကို လက်တွေ့ခံစားနိုင်ကြတော့မည်ဖြစ်**

အဆိုပါ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းအသစ် တည်ဆောက်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပြီးချိန်၌ ပင်းပက်သံမဏိစက်ရုံမှ သံရိုင်းကုန်ကြမ်းများကို လိုရာအရောက် သက်သာလွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ ဒေသတွင်းမှ ကုန်စည်များကို ရထားဖြင့် ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်ခြင်း၊ စက်မှုကုန်ကြမ်းများကို ကုန်ချောထုတ်လုပ်ရာဒေသအရောက် လွယ်ကူစွာ ပို့ဆောင်ပေးနိုင်သည့်အတွက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းကို အသုံးပြုခြင်းအားဖြင့် တောင်တန်းဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယနေ့ဖွင့်လှစ်သည့် ရွှေညောင်– တောင်ကြီး–နောင်ကားလမ်းခွဲ–ပင်းပက်လမ်းပိုင်းတွင် တောင်ကြီးဘူတာကို အခြေပြုပြီး တောင်ကြီး –ရွှေညောင်ရထား၊ တောင်ကြီး–ပင်းပက်–ဆိုက်ခေါင် ရထားများကို ခရီးသည်နှင့် ကုန်စည်ရရှိမှုအပေါ် မူတည်ပြီး ပြေးဆွဲပေးသွားမည်ဖြစ်သည့်အတွက် ထင်ရှားမြင်သာသည့် အကျိုးရလဒ်ကို လက်တွေ့ခံစားနိုင်ကြတော့မည်ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားသည် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ခရီးသည်နှင့် ကုန်စည်များကို စျေးနှုန်းသက်သာစွာနှင့် လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်၊ တစ်ချိန်တည်း၌ လူ၊ ပစ္စည်း၊ ငွေကြေး စသည့် ရှိရင်းစွဲအရင်းအမြစ်များကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ အသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဈေးကွက်စီးပွားရေး မူဝါဒနှင့်အညီ ယှဉ်ပြိုင်နေရသည့် ယနေ့အချိန်အခါမျိုး၌ စီးပွားရေးဆန်ဆန်ယှဉ်ပြိုင်နိုင်ပြီး ခရီးသည်နှင့် ကုန်စည်များကို ကုန်ကျစရိတ်သက်သာစွာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်လာစေရေးကိုလည်း မြန်မာ့မီးရထားဝန်ထမ်းတိုင်းက မျှော်မှန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေရေး၊ မတော်တဆမှုများ လျော့နည်းပပျောက်ရေး၊ ရထားများ အချိန်မှန်ကန်ရေး၊ ရထားလမ်းများ ပိုမိုတောင့်တင်း ခိုင်မာရေး၊ ဝင်ငွေတိုးရေးနှင့် သုံးငွေ လျော့နည်းရေး၊ စက်ခေါင်းနှင့်တွဲ ချွတ်ယွင်းမှုများ လျော့နည်းကျဆင်းရေး၊ ရထားဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေး စသည့်ရည်မှန်းချက်များကို မြန်မာ့မီးရထားဝန်ထမ်းအဆင့်အားလုံးက တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာဖြင့် မိမိကိုယ်ပိုင်စီးပွားရေးပမာ ခံယူကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်ပြီး ကုန်သွယ်စီးပွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် အချက်အချာဒေသဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားပေါင်းစုံလူဦးရေလေးသိန်းကျော် မှီတင်းနေထိုင်သည့် မြို့တော်ကြီးလည်းဖြစ်ပါကြောင်း၊ တောင်ကြီးဒေသကိုဗဟိုပြုပြီး ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို ပြည့်စုံအောင်မြင်အောင် ကြိုးပမ်းစွမ်းဆောင်ပေးခဲ့ကြသည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရှင်သန်ရပ်တည်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများအားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

■ ■ ■

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## ( ၂၄ - ၁၀ - ၂၀၂၃ )






(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကိုအောက်တိုဘာလ (၂၄) ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC–II)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတာ်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ရှိကြသည့် လူမျိုးတိုင်းတွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများနှင့် ရိုးရာဓလေ့ထုံးစံ အမွေအနှစ်များ ရှိကြစမြဲဖြစ်ပါကြောင်း၊ အလားတူမိမိတို့ မြန်မာတိုင်းရင်းသားများတွင်လည်း မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများ ထင်ရှားခိုင်မာစွာရှိကြပါကြောင်း၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးဓလေ့များနှင့် မြန်မာ့မှု၊ မြန်မာ့ဟန်စစ်စစ်များကို ရှေးမြန်မာဘိုးဘွား အစဉ်အဆက်က ဖန်တီးပုံဖော်တည်ဆောက်ထိန်းသိမ်းလာခဲ့ကြသည်မှာ နှစ်ပေါင်း

ထောင်ချီကြာခဲ့ပြီဖြစ်ပါကြောင်း။

## အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ် ထူထောင်ခဲ့ကြ

မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများမှတွေ့ရှိခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်မှတ်တမ်းများအရ **မြန်မာလူမျိုးများသည် ရှည်လျားသည့် သမိုင်းကြောင်း တစ်လျှောက်တွင် ဘာသာတရားဆိုင်ရာအဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုထုံးဓလေ့များ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာနေထိုင်လာခဲ့ကြသည့် လူမျိုးဖြစ်ကြောင်း ခိုင်မာစွာတွေ့ရှိရ**ပါကြောင်း။

သတင်းအချက်အလက်နှင့်နည်းပညာများ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် မျက်မှောက်ကာလတွင် ယဉ်ကျေးမှုတစ်သားတည်းဖြစ်ခြင်း၊ ယဉ်ကျေးမှုနှစ်ခြမ်း ကွဲခြင်းနှင့် ယဉ်ကျေးမှုမျိုးကွဲများပေါင်းစပ်ခြင်းတို့ကို နိုင်ငံအသီးသီးကြုံတွေ့ရလျက်ရှိပါကြောင်း၊ **မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ မေးမှိန်ပျောက်ကွယ် သွားပါက နိုင်ငံနှင့်လူမျိုးအပေါ် အထင်ကြီးလေးစားမှု လျော့နည်းပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက် လာမည်ဖြစ်ပါကြောင်း၊အမျိုးသားရေးအားမာန်ခန်းခြောက် လာသည်နှင့်အမျှ နိုင်ငံ၏အချုပ်အခြာ အာဏာကိုနှောင့်ယှက် ထိပါးလာကြမည်ဖြစ်**ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းက မိမိတို့၏ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာ များ၊ အမျိုးသားရေးစံနှုန်းများနှင့် အမျိုးသားရေးအနှစ် သာရများ မေးမှိန်တိမ်ကော ပျောက်ကွယ်သွားခြင်းမရှိ ရအောင်၊ အမျိုးသားရေးစိတ်ဓာတ်ခိုင်မြဲအောင် ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်လျက်ရှိနေကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

## ကမ္ဘာတည်သရွေ့ အစွန့်ရှည် တည်တံ့နေစေဖို့

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာ လူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည် တည်တံ့နေစေဖို့ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေ အနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထိုကဲ့သို့ **အမျိုးသားယဉ်ကျေးမှုအမွေအနှစ် များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြီးများ ကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံး ပါဝင် ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေး အားထုတ်မှုတစ်ရပ်ဖြစ်**သည်ဟု ပြောကြားလိုပါကြောင်း။

## ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲအမျိုးအစားများကို အရေအတွက် အရရော၊ အရည်အသွေးအရပါ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်စီစဉ်ပေးခဲ့ပါကြောင်း၊ ယခုနှစ် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင်လည်း မိမိတို့၏ စိတ်ဆန္ဒအလျောက် မြန်မာ့အနုပညာကို စိတ်ပါဝင်စား မြတ်နိုးသူများတိုးပွားလာမှု၊ မိဘပြည်သူများ၏ အားပေးမှု၊ နိုင်ငံတော်၏အားပေးချီးမြှင့်မှု၊သက်ဆိုင်ရာပြည်ထောင်စု

> **မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေး စံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည် တည်တံ့နေစေဖို့ရည်မှန်းပြီး အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိ၊ ထိုကဲ့သို့ အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေး အားထုတ်မှုတစ်ရပ်ဖြစ်။**

ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၏ ထောက်ပံ့ကူညီမှုတို့ကြောင့် ယခင်နှစ် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထက် ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာသည်ကိုလည်း အားရကျေနပ်ဖွယ်ရာတွေ့ရပါကြောင်း။

ထို့ကြောင့် **မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ်ဇာတိဂုဏ် ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည်ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိမြဲမြံစွာဖြင့် မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်မြှင့်တင် ထိန်းသိမ်းသွားကြပါရန် တိုက်တွန်းပြောကြားလိုပါ**ကြောင်း။

ပြည်သူအားလုံးနှင့် အနုပညာရှင်များ၊ လူငယ်လူရွယ်များအားလုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးတိုးတက်စည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာဆက်လက်ရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှုအန္တရာယ်ကို ခုခံကာကွယ်နိုင်ရေး၊ ဘိုးဘွားတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းအမွေဆက်ခံမည့် မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာလာစေရေး အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ဝင့်ထည်စွာတည်တံ့စေရေးအတွက် ဦးတည်ပြီး အမျိုးသားယဉ်ကျေးမှု အဆင့်အတန်း အစဉ်ထာဝရ မြင့်မားစေရအောင် အနုပညာစွမ်းအားဖြင့် ဖော်ထုတ် ထိန်းသိမ်း မြှင့်တင်ပေးကြရေး တိုက်တွန်းမေတ္တာရပ်ခံလိုကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား

## ( ၂၆ - ၁၀ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၅/၂၀၂၃)ကို အောက်တိုဘာလ (၂၆)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်နေ့တွင် နိုင်ငံရေးအနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ဝခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်နေ့တွင် နိုင်ငံရေးအနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ဝခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်မိမိအနေဖြင့် NCA နှစ်ပတ်လည် မိန့်ခွန်း ပြောကြားရာတွင် နိုင်ငံတော်အတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို သုံးသပ်၍ အဓိပ္ပာယ်ပြည့်ဝပြည့်စုံစွာ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း။

EAO များအား NCA စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း၊ စတင်ဖိတ်ခေါ်၍ ငြိမ်းချမ်းရေးဆွေးနွေးရာတွင်

ဒို့တာဝန်အရေး(၃)ပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေးစားလိုက်နာရန်ပြောကြားခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်ရေးစတင်ဆွေးနွေးချိန်တွင် တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ NCA စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် EAO အဖွဲ့များပါဝင်သည့် ပထမဦးဆုံးအစည်းအဝေးကို ကချင်ပြည်နယ်၊ လိုင်ဇာ၌ကျင်းပခဲ့ကြောင်း၊ ထို့နောက် ကရင်ပြည်နယ် လော်ခီးလာ၌ ကျင်းပခဲ့ကြောင်း၊ ထိုသို့အစည်းအဝေးများ၊ တွေ့ဆုံမှုများ အကြိမ်များစွာပြုလုပ်ပြီးမှ ငြိမ်းချမ်းရေးဦးဆောင် ဖော်ဆောင်သူများ၊ တပ်မတော်ကိုယ်စားလှယ်အဖွဲ့များ၊ အရပ်ဘက်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းပြီးချိန်တွင် NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA စာချုပ်သည် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ ကိုယ်တိုင် ပြည်တွင်း၊ ပြည်ပသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု၍ နိုင်ငံတော်မှ အာမခံချက်ပေးထားသည့် ခိုင်မာသောစာချုပ်တစ်ခုဖြစ်ကြောင်း၊ NCA ၌ နှစ်ဖက်စလုံးအတွက် လိုအပ်ချက်များရှိနေသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်အကြား လိုလားချက်များကို ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် ဆောင်ရွက်ကြမည်ဟု ကောင်းမွန်သည့်စိတ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ NCA သဘောတူစာချုပ်သည် တိုင်းရင်းသားများလိုလားချက်များကို အခြေခံပြီးရေးဆွဲခဲ့သည့်စာချုပ်၊ သဘောတူညီခဲ့သည့် စာချုပ်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ လိုလားချက်များအပေါ် နိုင်ငံတော်က ကတိကဝတ်အနေဖြင့် ပေးထားသည့်စာချုပ်တစ်ခုပင်ဖြစ်ကြောင်း။

**အမျိုးသားရေးထက်အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့် အတိုင်း နိုင်ငံကိုတာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက်နေ**

နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အာမခံချက်တစ်ခုဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်၍ မရကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ကို အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာသည့် နိုင်ငံရေးပါတီများသာ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များကိုနိုင်ငံတကာအနေဖြင့် အသိအမှတ်ပြုခဲ့ကြောင်း၊ ထိုသို့ အသိအမှတ်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တက်လာသည့် အစိုးရကိုအသိအမှတ်ပြုခြင်း၊ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ နိုင်ငံရေးပါတီများအနေဖြင့် မိမိထံလာရောက်တွေ့ဆုံ၍ မဲဆွယ်စည်းရုံးမှုများနှင့်

> **မိမိတို့နိုင်ငံသည် နိုင်ငံရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ သတိထားဆောင်ရွက်ရသည့် နိုင်ငံတစ်ခုဖြစ်သည်ကို သမိုင်းတွင် တွေ့မြင်နိုင်မည်ဖြစ်၊ မိမိတို့အနေဖြင့် အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှ မရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေး သုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက် နေခြင်းပင်ဖြစ်၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် အတွေ့အကြုံရှိပြီး သူများဖြစ်သဖြင့် နိုင်ငံရေးအခြေအနေအရပ် ရပ်ကို သုံးသပ်ဆောင်ရွက်သွားရန်လို။**

ပတ်သက်ပြီး ညီမျှမှုမရှိသည်ကို အသိပေးပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲ၌ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ဆန္ဒမဲပေးမှုများကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် တိုင်းပြည်အတွက် နိုင်ငံရေးအဆုံးအဖြတ်ပေးသည့် ကိစ္စရပ်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းမှားယွင်းမှုများနှင့်ပတ်သက်၍ တွေ့ရှိချက်များကို သက်ဆိုင်ရာ ကော်မရှင်ရုံး၊ အစိုးရအဖွဲ့၊ လွှတ်တော်၊ တရားရုံးချုပ် တာဝန်ရှိသူများထံသို့ ဖြေရှင်းပေးရန်အတွက် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုမရှိသည့်အပြင် မဲမသမာမှုများဖြင့် အနိုင်ရရှိလာသည့် အရွေးချယ်ခံကိုယ်စားလှယ်များနှင့် လွှတ်တော်ခေါ်ယူရေး ကြိုးပမ်းဆောင်ရွက်လာခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အချို့ပြည်ပနိုင်ငံများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အခြေခံ၍ ကျင်းပသည့် ရွေးကောက်ပွဲများကို အသိအမှတ်ပြုခဲ့သော်လည်း မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲသမာမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကိုအရေးပေါ် အခြေအနေကြေညာ၍ တာဝန်ယူခဲ့ခြင်းအပေါ် အသိအမှတ်ပြုမှုမရှိခဲ့သည်မှာ ရှေ့နောက်မညီသည့် ပြောဆိုမှုနှင့် စံနှစ်မျိုးကျင့်သုံးခြင်း (Double Standard)များပင် ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းချိန်တွင်လည်း တပ်မတော်မှ အတွေ့အကြုံရှိပြီးဖြစ်သည့် အရာရှိကြီးများနှင့် အရပ်ဘက်မှ သက်ဆိုင်ရာ လုပ်ငန်း နယ်ပယ်များအလိုက် ကျွမ်းကျင်မှုရှိပြီး အတွေ့အကြုံရှိသူများကို မျှတစွာဖြင့် ထည့်သွင်းဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းလျက်ရှိပြီး တိုင်းပြည်ကောင်းအောင်အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အချို့ပြည်ပနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ်တွင် ပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်းနှင့် ဝင်ရောက်စွက်ဖက်မှုများကို ယခင်ကလည်း ပြုလုပ်ခဲ့သကဲ့သို့ ယခုအချိန်အထိလည်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်သမိုင်းသည် **“ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်”** ဆိုသကဲ့သို့ ရှုပ်ထွေးမှုများရှိကြောင်း၊ လွတ်လပ်ရေးမရမီကတည်းက ရှုပ်ထွေးအောင် ကြိုတင်ဆောင်ရွက်မှုများလည်း ရှိနိုင်ကြောင်း၊ နိုင်ငံ့လွတ်လပ်ရေးကို ဦးစားပေးစဉ်းစားရချိန်နှင့်

**မိမိတို့သည် ဘဏ်စနစ်တစ်ခုဖြင့်သာ ရှင်သန်ရပ်တည် ကုန်သွယ်နေသည့် နိုင်ငံမဟုတ်၊ မိမိတို့အနေဖြင့် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် လက်တွဲဆောင်ရွက်ခဲ့ရ၊ ထို့ကြောင့် ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုကိစ္စများ၌ ငွေကြေးစနစ်တစ်ခုတည်းအပေါ်တွင်သာ မှီခိုအားထားမှုမပြုဘဲ ငွေကြေးစနစ်အမျိုးမျိုးဖြင့် အသုံးပြုနိုင်မှုအပေါ် နိုင်ငံတကာက အလေးထားလာသကဲ့သို့ မိမိတို့လည်း ဆောင်ရွက်နေ၊ နယ်စပ်ကုန်သွယ်ရေးနှင့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးရေးကို ဆောင်ရွက်ရမည်ဖြစ်၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းကိစ္စများကို သိရှိထားပြီး အရှည်မြော်တွေး၍ ချင့်ချိန်ဆောင်ရွက်သွားရန်လို။**

အချိန်ကန့်သတ်ချက်များကြောင့် အနာဂတ်ပြည်ထောင်စု နိုင်ငံတော်အရေးနှင့် နိုင်ငံရေးလမ်းစဉ်များကို ထိုအချိန်က အမျိုးသားရေးနှင့် နိုင်ငံရေးဦးဆောင်နေသည့် ခေါင်းဆောင်များ၏ စိတ်ကြိုက်ချမှတ်နိုင်ခြင်းမရှိခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင်လည်း ၎င်းအတိုင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ဝင်ရောက်စွက်ဖက်မှုများကို အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုမှ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့မှုများရှိကြောင်း၊ မြန်မာနှင့်အမေရိကန်သည် ရန်ဘက်နိုင်ငံများ မဟုတ်ကြောင်း၊ စစ်ဖြစ်ပွားဖူးခြင်းလည်း မရှိကြောင်း၊ ယုတ်ဆွအဆုံး အရှေ့တောင်အာရှတွင် အမေရိကန်ကျူးကျော်မှုကြောင့် ဖြစ်ပွားခဲ့သော ဗီယက်နမ်စစ်ပွဲ၌ပင် မြန်မာတို့ပါဝင်ပတ်သက်မှုမရှိခဲ့ကြောင်း၊ သို့သော် ယနေ့ကာလအထိ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ရန်သူသဖွယ် သဘောထားခြင်းမှာ ကြီးမားသော နောက်ခံအကြောင်းရှိကြောင်း၊ အရှေ့တောင်အာရှဒေသတွင် အမေရိကန်ဦးဆောင်သော SEATO အဖွဲ့ကို ၁၉၅၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဒေသအတွင်း ကွန်မြူနစ်စနစ်မပြန့်ပွားရေးပင် ဖြစ်ကြောင်း၊ ၁၉၇၇ ခုနှစ်၊ ဖွန်လမှ ၎င်းအဖွဲ့ကို ဖျက်သိမ်းခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေပါ ပြည်နယ်များခွဲထွက်ခွင့်၊ ၎င်းအပေါ်မူတည်၍ ၁၉၆၁ –၁၉၆၂ ခုနှစ်တွင် ဖြစ်လာသည့် ပြည်နယ်များ၏ တောင်းဆိုမှုများကို SEATO ဖြစ်စဉ်နှင့် ဆက်စပ်ကြည့်ပါက မြန်မာ့နိုင်ငံရေး၏ ရှုပ်ထွေးမှုကို သဘောပေါက်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ၎င်းတို့ဖြစ်စေချင်သည့်အတိုင်း မဖြစ်သည့်အခါ ယင်းကဲ့သို့မဖြစ်အောင် ကာကွယ်နိုင်သည့် အင်အားစုများကို ရန်ပြုခြင်းမှာ မြင်သာသည့် အကြောင်းအရာပင် ဖြစ်ကြောင်း။

ယခုလက်ရှိအခြေအနေတွင်လည်း အမေရိကန်ဦးဆောင်သော အုပ်စု၏ရည်မှန်းချက်မှာ မြန်မာ နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေး (China Containment Policy) ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာနိုင်ငံ၌ ၎င်းတို့လိုလားသော အစိုးရ/အုပ်စု အာဏာရရှိရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မရရှိခဲ့ပါက မြန်မာနိုင်ငံ၌ ကမ္ဘာပေါ်င်းစုံ မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံကိုယ်တိုင်က အကြမ်းဖက်အဖွဲ့များကို ခေါင်းစဉ်အမျိုးမျိုး အကြောင်းအမျိုးမျိုးဖြင့် ကူညီနေကြောင်း၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားစသော နိုင်ငံများသည် သမိုင်းအစဉ်အလာအရ ရင်းနှီးသောမိတ်ဆွေ နိုင်ငံများဖြစ်ကြောင်း၊ သို့သော် အမေရိကန်၏ ဩဇာလွှမ်းမိုးမှုကို မလွန်ဆန်နိုင်သောနိုင်ငံများက မိမိတို့နိုင်ငံအပေါ် ကုန်သွယ်မှု၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့သည် ဘဏ်စနစ်တစ်ခုဖြင့်သာ ရှင်သန်ရပ်တည် ကုန်သွယ်နေသည့် နိုင်ငံမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် လက်တွဲဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုကိစ္စများ၌ ငွေကြေးစနစ်တစ်ခုတည်းအပေါ်တွင်သာ မှီခိုအားထားမှုမပြုဘဲ ငွေကြေးစနစ်အမျိုးမျိုးဖြင့် အသုံးပြုနိုင်မှုအပေါ် နိုင်ငံတကာက အလေးထားလာသကဲ့သို့ မိမိတို့လည်း ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းကိစ္စများကိုသိရှိထားပြီး အရှည်မြော်တွေး၍ ချင့်ချိန်ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် နိုင်ငံရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ သတိထားဆောင်ရွက်ရသည့် နိုင်ငံတစ်ခုဖြစ်သည်ကို သမိုင်းတွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကိုတာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် အတွေ့အကြုံရှိပြီးသူများ ဖြစ်သဖြင့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ချမှတ်ထားသည့် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်**

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် (၂) ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိ

သကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက် (၂) ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ကို ချမှတ်ထားကြောင်း၊ NCA နှင့် ပတ်သက်၍ ပိုမိုခိုင်မာအောင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ထဲတွင် ထည့်သွင်းထားကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းထားပြီး ပါတီစုံဒီမိုကရေစီစနစ်အတွက် တိုင်းသိပြည်သိ အာမခံထားပါကြောင်း။

နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို ယခုထက် ပိုမိုကောင်းမွန်စေလိုလျှင် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်အားပေးနေခြင်းသည် ပြည်သူတို့၏ ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးသွားနိုင်ကြောင်း။

**မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကိုချစ်သည့် စိတ်များရှိရန်လို**

မကြာမီအချိန်က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မိမိအနေဖြင့် တက်ရောက်အားပေးခဲ့ကြောင်း၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကိုချစ်သည့် စိတ်များရှိရန် လိုပါကြောင်း၊ ယဉ်ကျေးမှုရှိမှသာ တိုင်းပြည်ချစ်စိတ်များ နိုးကြားလာမည်ဖြစ်ကြောင်း၊ အလားတူမြန်မာမှုယဉ်ကျေးမှုများကို သာမက တိုင်းရင်းသားယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးများကိုလည်း အားပေးဆောင်ရွက်သွားရန်နှင့် ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှုများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှုများ ရှိသကဲ့သို့ ကိုယ်တိုင်ဆောင်ရွက်ရမှုများလည်းရှိကြောင်း၊ ထို့ကြောင့်ဝိုင်းဝန်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

အင်းလေးဖောင်တော်ဦးဘုရားပွဲသည် တစ်နိုင်ငံလုံးက စိတ်ပါဝင်စားသည့် ပွဲတစ်ပွဲဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း တက်ရောက်ခဲ့ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ထင်ရှားသည့် အခမ်းအနားများနှင့် ပြည်သူအများနှင့် သက်ဆိုင်သည့်ပွဲများကိုလည်း တက်ရောက်အားပေးကြစေလိုကြောင်း၊ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသအလိုက် သွားရောက်ဆောင်ရွက်ပေးကြစေလိုကြောင်း။

စီးပွားရေးတိုးတက်မှု၌ လိုအပ်ချက်ရှိနေခြင်းနှင့် ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရကြောင်း၊မိမိတို့အနေဖြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးရောင်းချရာတွင် ကုန်ထုတ်လုပ်မှုစရိတ်နှင့် ရောင်းချသည့် ကုန်ဈေးနှုန်းများ များစွာကွာခြားမှုမရှိရန်လိုကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ကွင်းဆင်းဆောင်ရွက်ပါက ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံရေးပါတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ စနစ်တကျမှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုကြောင်း၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ ရွေးချယ်ရာတွင်လည်း ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပါက ပိုမိုသင့်တော်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရွေးကောက်ပွဲမပြုလုပ်မီ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးသွားရန် ရှိပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ

သည့် ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် ပါတီကိုကိုယ်စားပြုသူများဖြစ်လျှင် အဓိပ္ပာယ်ပြည့်ဝမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အရေးကြီးလိုအပ်ချက်ဖြစ်သော လုပ်ငန်းစဉ်များကိုဖော်ဆောင်ရာ၌ ခိုင်မာသောကိုယ်စားပြုမှုနှင့် ရေရှည်အာမခံချက်များ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ချမှတ်ထားသော အမျိုးသားရေးရည်မှန်းချက်များနှင့် နိုင်ငံရေးရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၃၁ - ၁၀ - ၂၀၂၃ )



(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ညီလာခံခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မူလထားရှိသည့် ရည်မှန်းချက်အတိုင်း ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ပြည့်ပြည့်စုံစုံဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ

အကြား သွေးစည်းချစ်ကြည်မှု ပိုမိုရရှိအောင် ကြိုးစားနိုင်ကြပါစေကြောင်းနှင့် ရရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

**အဆင့်အတန်း မြင့်မား**

အလွန်နက်နဲသိမ်မွေ့ပြီး အဆင့်အတန်းမြင့်မားလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်အတူ မျိုးဆက်သစ်လူငယ်မောင်မယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလာကြစေရန်၊ မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်လိုသည့် ဇာတိမာန်နှင့် မျိုးချစ်စိတ်များ အစဉ်ထာဝရရှင်သန်နိုးကြား ထက်မြက်နေစေရန်စသည့် ရည်ရွယ်ချက်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်မှစတင်ပြီး ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင် ကျင်းပခဲ့ပါကြောင်း။

**အောင်မြင်စွာကျင်းပခဲ့**

ထို့နောက် ငါးနှစ်ကျော်ကာလ ရပ်တန့်ခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက် ပြိုင်ပွဲကြီးအဖြစ် ပြန်လည်စတင်ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်ဆိုပါက ဒုတိယမြောက်အနေဖြင့် (၂၄)ကြိမ်အဖြစ် အောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလို ကောင်းမြတ်သည့် အချိန်အခါသမယတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို မင်္ဂလာရှိစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပရာ၌ ဗဟိုအဆင့် ပြိုင်ပွဲဝင်အင်အားသည် ကြိုတင်မျှော်မှန်းထားသည်ထက် ပိုမိုပြီး ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ အဆိုပါကာလသည် ကိုဗစ်-၁၉ ရောဂါ၏ အငွေ့အသက်များ ကျန်ရှိနေဆဲ အချိန်အခါဖြစ်သော်လည်း မူလမျှော်မှန်းထားသည်ထက် ပိုမိုသာလွန်သည့် ပြိုင်ပွဲဝင်အင်အားများနှင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါအချက်ကို လေ့လာထောက်ရှုခြင်းအားဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အကြောင်းကြောင်းကြောင့် ရပ်နားထားခဲ့ရသော်လည်း ယခုပြိုင်ပွဲကြီးကို အလေးထားမျှော်လင့်ကြသည့် သမ္ဘာရင့်ဝါရင့်ပညာရှင်ကြီးများနှင့် မျိုးဆက်သစ်အနုပညာရှင်မြောက်မြားစွာရှိနေကြသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက်အဖြစ် ကျင်းပပြီးစီးသွားခဲ့သည့် ပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ပြိုင်ပွဲဝင်အင်အားသည် ၁၈၃၈ ဦး ရှိခဲ့ပါကြောင်း၊ ယခုနှစ် (၂၄) ကြိမ်မြောက် ဗဟိုအဆင့်တွင် ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦးရှိသည့်အတွက် ယခင်နှစ်ကထက် ၄၆၈ ဦး ပိုမိုပါဝင်လာသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်မိပါကြောင်း။

> **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ အခြားတစ်ဖက်မှလည်း နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာ မျိုးဆက်သစ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိ၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံနေရန်အတွက် ပြုစုပျိုးထောင်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြေခံသည့် အနုသုခုမပညာရပ်များသည် အခြေခံကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို ထပ်ဆင့်ပြောကြားလို။**

ပြိုင်ပွဲဝင်ဘာသာရပ်များအနေဖြင့် အဆိုပြိုင်ပွဲတွင် အမျိုးအစား သုံးမျိုး၊ အကပြိုင်ပွဲတွင် အမျိုးအစား ရှစ်မျိုး၊ အရေးပြိုင်ပွဲတွင် အမျိုးအစား လေးမျိုး၊ အတီးပြိုင်ပွဲတွင် အမျိုးအစား ဆယ့်သုံးမျိုး၊ စုစုပေါင်းပြိုင်ပွဲအမျိုးအစား နှစ်ဆယ့်ရှစ်မျိုးကို ကျင်းပပေးခဲ့ပါကြောင်း၊ အဆိုပါပြိုင်ပွဲများတွင် ဝါသနာရှင် (ပထမတန်း) အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ် အတွင်း) အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ် အတွင်း) အဆင့်ဆိုပြီး အဆင့် (၅) ဆင့် သတ်မှတ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့်နှစ်က ရွှေတံဆိပ် ဆွတ်ခူးရရှိသူ ၁၈၁ ဦး၊ ငွေတံဆိပ် ဆွတ်ခူးရရှိသူ ၁၄၃ ဦး၊ ကြေးတံဆိပ် ဆွတ်ခူးရရှိသူ ၁၂၁ ဦး၊ နှစ်သိမ့်ဆုရရှိသူ ၅၆ ဦးနှင့် အထူးဆု ရရှိသူ နှစ်ဦး စုစုပေါင်း ၅၀၃ဦး ရှိခဲ့ပါကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ဆုအရေအတွက်သည် ရွှေတံဆိပ် ၁၇၁ ဦး၊ ငွေတံဆိပ် ၁၅၆ ဦး၊ ကြေးတံဆိပ် ၁၅၆ ဦးနှင့် နှစ်သိမ့်ဆုနှင့် အထူးဆုများ ချီးမြှင့်ပေးမည်ဖြစ်သည့်အတွက် ယမန်နှစ်ကထက် ဆုအရေအတွက် ပိုမိုချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း။

## ပြုစုပျိုးထောင်ပေးလျက်ရှိ

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားတစ်ဖက်မှလည်း နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြမည့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာမျိုးဆက်သစ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံနေရန်အတွက် ပြုစုပျိုးထောင်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြေခံသည့် အနုသုခုမပညာရပ်များသည် အခြေခံကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို ထပ်ဆင့် ပြောကြားလိုပါကြောင်း။

ထို့ပြင် မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေး လမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ ကိုယ်စီရရှိခဲ့ကြသည့် အောင်မြင်မှုများ၊ အပြန်အလှန် ချစ်ကြည်ခိုင်မြဲသည့် မေတ္တာတရားများကို အခြေခံပြီး မိမိတို့၏နေရပ်ဒေသများကို ပြန်လည်ရောက်ရှိကြသည့်အခါ မိမိတို့ဒေသအကျိုး၊ နိုင်ငံတော်အကျိုး၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကို ကျရာအခန်းကဏ္ဍများမှနေပြီး ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးနိုင်ကြပါစေကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် သာယာလှပသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ၊ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျ မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-11-6
9 789998 656116